ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်၊ စနေနေ့။ Saturday, 5 November 2022 ၁၀၉၁၀

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မိမိတို့နိုင်ငံတွင် ပြည်တွင်းစီးပွားရေးကို အောင်မြင်အောင်ဆောင်ရွက်နိုင်မည့် အလားအလာကောင်းများစွာရှိ

## MSME လုပ်ငန်းများကို အားပေးဆောင်ရွက်နေရခြင်းမှာ တိုင်းပြည်၏ စီးပွားရေးမြှင့်တင်ရန်၊ ပြည်ပသွင်းကုန်များ အစားထိုးနိုင်ရန်နှင့် ပြည်ပသို့ ပြည်တွင်းထုတ်ကုန်များ တင်ပို့နိုင်ရန်ဖြစ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုကို လေ့လာကြည့်ရှုစဉ်။

**နေပြည်တော် နိုဝင်ဘာ ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME)လုပ်ငန်းရှင်များအား ထားဝယ်မြို့ မြို့နယ်ခန်းမ၌ တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် Jeng Phang နော်တောင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်းနှင့် ဦးအောင်နိုင်ဦး၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ထားဝယ်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ယနေ့ ဖတ်စရာ

**ပြည်ပရောက် မြန်မာနိုင်ငံသားများ၏ နိုင်ငံခြားငွေဖြင့် ရရှိသည့် လစာဝင်ငွေအား တရားဝင်လွှဲပြောင်းပေးပို့၍ အခွန်ဆိုင်ရာ အကျိုးခံစားခွင့်များကို ရယူပါ**

ဆောင်းပါး စာမျက်နှာ » ၁၁

**ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေရယူထားသူများအနေဖြင့် ချေးငွေကာလ သက်တမ်း(၂)နှစ် စေ့ရောက်သည့် နေ့မှစ၍ နောက်ထပ် (၁)နှစ် ထပ်မံသက်တမ်းတိုးမြှင့်ပေး**

စာမျက်နှာ » ၁၅

**လေ့လာစရာ အင်္ဂလိပ်စာ**

စာမျက်နှာ ၂၀၊ ၂၁

ကြေးမုံ

# စိတ်ချလုံခြုံအဆင်ပြေစေရေး ဘဏ်စနစ်ဖြင့်အသုံးပြု

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့်အလျောက် နိုင်ငံတိုးတက်လာမှုနှင့် အတူ ငွေကြေးသုံးစွဲမှုအပိုင်းတွင် ဘဏ်လုပ်ငန်းဆောင်ရွက်မှုများ ဖွံ့ဖြိုးတိုးတက်လာသည်။ သို့သော် ဘဏ်စနစ်ကိုအခြေခံသည့် ငွေကြေးလှည့်ပတ်သုံးစွဲမှုအပိုင်းတွင် နိုင်ငံတစ်ဝန်း၌ လုံခြုံစိတ်ချမှု၊ စနစ်တကျဆောင်ရွက်မှုနှင့် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်မှုများ၌ လိုအပ်ချက်များရှိနေသေးသည်။ ခိုင်မာအားကောင်းသည့် ဘဏ်စနစ်သည် ပြည်သူများ ငွေကြေးလှည့်ပတ်သုံးစွဲမှုအပိုင်း၌ လုံခြုံစိတ်ချမှုရှိပြီး လွယ်ကူအဆင်ပြေ လျင်မြန်ချောမွေ့စေသည်။

မျက်မှောက်ကာလတွင် နိုင်ငံရေးကိုအကြောင်းပြု၍ မသမာသူများက ဘဏ်စနစ်မခိုင်မြဲအောင်၊ တည်ငြိမ်မှုမရှိအောင် အမျိုးမျိုးအဖုံဖုံ ကြံစည်လုပ်ကိုင်ဆောင်ရွက်ခဲ့သည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ငွေရေးကြေးရေးလုပ်ငန်းများ မတည်ငြိမ်အောင် ဆောင်ရွက်ပြီး ငွေကြေးဖောင်းပွမှုနှင့် စီးပွားရေးကမောက်ကမဖြစ်အောင် ဖန်တီးနေကြသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက ငွေကြေးစီးဆင်းမှုမှန်ကန်ရေး၊ ကုန်သွယ်ရောင်းဝယ်မှုလုပ်ငန်းများ အဆင်ပြေစေရေးအတွက် ပိုမိုကောင်းမွန်သည့်အစီအမံများ ဆောင်ရွက်ပေးလျက်ရှိသည်။ အစောပိုင်းတွင် မသမာသူများက သွေးထိုးပေးပြီး ဘဏ်စနစ်မှထွက်ခွာရန် လှုံ့ဆော်ခဲ့သည်။ ငွေကြေးများကို လက်ဝယ်တွင်ထားပြီး တရားမဝင်လုပ်ငန်းအမျိုးမျိုး ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်သည်။

ယခုအခါတွင် ပြည်သူများသည် လက်ရှိပကတိအခြေအနေများကို နားလည်သဘောပေါက်လာကြပြီး ဘဏ်စနစ်တွင် ပြန်လည်ပါဝင်လာကြပြီဖြစ်သည်။ ဘဏ်များကလည်း ပြည်သူများအပ်နှံထားသည့်ငွေကြေးများကို အဆင်ပြေစွာ ပြန်လည်ထုတ်ပေးနေပြီဖြစ်သည်။ ဘဏ်ငွေကြေးစနစ်သည် ပြည်သူတစ်ဦးချင်း လှည့်ပတ်သုံးစွဲငွေများအပြင် ရောင်းဝယ်ဖောက်ကား စီးပွားကူးသန်းမှုလုပ်ငန်းများတွင်ပါ လုံခြုံစိတ်ချပြီး အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးနိုင်သည်။ မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်မှု၌ လိုအပ်ချက်များရှိသေး၍ ဘဏ်စနစ်ဖြင့် တွင်ကျယ်စွာ အသုံးမပြုနိုင်သေးဘဲ များသောအားဖြင့် ငွေသားစနစ်ဖြင့်သာ အသုံးပြုနေကြရသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများ၌ ငွေကြေးသုံးစွဲရာတွင် ဘဏ်စနစ်ဖြင့် အဆင်ပြေစွာ လှည့်ပတ်သုံးစွဲနေကြသည်။

မကြာသေးမီက ဘဏ္ဍာရေးဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့ (FATF) က မြန်မာနိုင်ငံနှင့်ပတ်သက်၍ အသိပေးထုတ်ပြန်ချက်ထုတ်ပြန်ခဲ့ရာ မသမာသူများက မြန်မာနိုင်ငံအနေဖြင့် ပြည်ပငွေကြေးလွှဲပြောင်းရာတွင် အကျပ်အတည်းများရှိလာနိုင်ကြောင်း မဟုတ်မမှန်သတင်းများထုတ်လွှင့်ကာ ပြည်သူများ စိုးရိမ်ထိတ်လန့်မှုဖြစ်အောင် ပြုလုပ်ခဲ့သည်။ အဖျက်မီဒီယာများနှင့် မသမာသူများက မဟုတ်မမှန်သတင်းများကိုထုတ်လွှင့်ကာ နိုင်ငံခြားငွေကြေး၊ ရွှေဈေး၊ စက်သုံးဆီဈေးနှုန်းများ မတည်ငြိမ်အောင် ပြုလုပ်ကြသည်။ နိုင်ငံရေးသမား၊ နိုင်ငံရေးတောကြောင်များနှင့် မသမာသူ ဝိသမလောဘသမားများ၏ ဖန်တီးမှုကြောင့် ပြည်သူများ အခက်အခဲကြုံတွေ့ရသည်။

ဘဏ္ဍာရေးဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့ (FATF) သည် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး၊ အကြမ်းဖက်လုပ်ငန်းများ၏ ငွေကြေးစီးဆင်းမှုဆိုင်ရာ စီမံခန့်ခွဲမှုများနှင့် အဖျက်စွမ်းအားပြင်းလက်နက်များ ပြန့်ပွားစေရေးနှင့်ပတ်သက်၍ငွေကြေးစီးဆင်းမှုနှင့် စီမံခန့်ခွဲမှုကို တားဆီးပိတ်ဆို့ရေးလုပ်ငန်းများ ဆောင်ရွက်သောအဖွဲ့ဖြစ်သည်။ မြန်မာနိုင်ငံသည် FATF အဖွဲ့ဝင်နိုင်ငံမဟုတ်သော်လည်း ဒေသတွင်း၌ FATF ပုံစံဖွဲ့စည်းထားသော အာရှ-ပစိဖိတ်ဒေသ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့တွင် ပါဝင်သည့်အတွက် FATF က စောင့်ကြပ်ကြည့်ရှုခဲ့ခြင်းဖြစ်သည်။ အဓိကမှာ တရားမဝင်ငွေကြေးခဝါချမှု၊ အကြမ်းဖက်လုပ်ငန်းများတွင် ငွေကြေးစီးဆင်းမှုနှင့် အဖျက်စွမ်းအားပြင်းလက်နက် စသည့်တရားမဝင်ကိစ္စများကို ရည်ရွယ်သဖြင့် မြန်မာနိုင်ငံအနေဖြင့် အလေးထားလိုက်နာဆောင်ရွက်လျက်ရှိသည်။

အဆိုပါကိစ္စရပ်များမှာ နယ်စပ်ဖြတ်ကျော်ဆောင်ရွက်သောလုပ်ငန်းများဖြစ်၍ နယ်စပ်ကုန်သွယ်မှု ငွေကြေးစီးဆင်းမှုအပိုင်းတွင် လုံခြုံစိတ်ချမှုရှိစေရန်အတွက် သက်ဆိုင်ရာက ဘဏ်စနစ်ဖြင့် စနစ်တကျစီမံခန့်ခွဲမှုကို ဆောင်ရွက်ခဲ့သည်။ သွင်းကုန်တင်သွင်းသူများအတွက် ပို့ကုန်မှရရှိသည့်ဝင်ငွေ (သို့မဟုတ်) အခြားဝင်ငွေ ဝင်ရောက်မှုများကိုအခြေခံ၍ တင်သွင်းခွင့်ပြုမည့်အစီအစဉ်ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့မှစတင်၍ ဆောင်ရွက်နေပြီဖြစ်သည်။ ထိုသို့ဆောင်ရွက်ခြင်းသည် ဘဏ္ဍာရေးဆိုင်ရာစောင့်ကြည့်ရေးအဖွဲ့ (FATF) ၏ အစီရင်ခံစာအပေါ် လိုက်နာဆောင်ရွက်မှု ပိုမိုအားကောင်းစေမည်ဖြစ်သည့်အပြင် နယ်စပ်ကုန်သွယ်ရေး၌ ပို့ကုန်သွင်းကုန်လုပ်ငန်းများဆောင်ရွက်ရာတွင် ဘဏ်စနစ်ကိုအသုံးပြုပြီး ငွေပေးချေမှုစနစ်များ အောင်မြင်ဖြစ်ထွန်းလာမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံ့စီးပွားဖြစ်ထွန်းလာရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရေး၌ လုံခြုံစိတ်ချမှုရှိပြီး လွယ်ကူချောမွေ့စေမည့် ဘဏ်စနစ်ကို ပိုမိုခိုင်မာအားကောင်းလာအောင် ကြိုးပမ်းဆောင်ရွက်ပြီး ငွေကြေးစီးဆင်းမှု လုံခြုံချောမွေ့မှုရှိအောင် စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## နယ်စပ်ရေးရာဝန်ကြီးဌာနက ဆွမ်းဆန်တော်၊ ဆီ ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

မော်လမြိုင် နိုဝင်ဘာ ၄

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် မွန်ပြည်နယ်အတွင်း ဘုန်းတော်ကြီးကျောင်းများရှိ သံဃာတော်များ ဆွမ်းကွမ်းအဆင်ပြေစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲအမယ်လေးမျိုး ဆက်ကပ်လှူဒါန်းလျက်ရှိရာ မွန်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးဉာဏ်မျိုးနှင့် ဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ဆင်ဖြူစာသင်တိုက် ဆရာတော်ကြီးထံသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။



နယ်စပ်ရေးရာ ဝန်ကြီးဌာနသည် မွန်ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့်အခြားဘာသာရေးကျောင်းများသို့လည်း ဆွမ်းကွမ်းအခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲအမယ်လေးမျိုးကို ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ကြေးမုံ

## ကယားပြည်နယ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ လှူဒါန်း

လွိုင်ကော် နိုဝင်ဘာ ၄

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကယားပြည်နယ်အတွင်း ဘုန်းတော်ကြီးကျောင်းများရှိ သံဃာတော်များ ဆွမ်း၊ ကွမ်း၊ အဆင်ပြေစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ အမယ်လေးမျိုး ဆက်ကပ်လှူဒါန်းလျက်ရှိသည်။



ထိုသို့ဆောင်ရွက်ရာတွင် ကယားပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးသန့်ဇင်၊ ဖရူဆိုမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးလှိုင်ဝင်းနှင့် ဝန်ထမ်းများသည် နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းက ဖရူဆိုမြို့နယ် မြို့မ အုပ်စု လောခုခူကျေးရွာ ဘုန်းကြီးကျောင်းရှိ ရဟန်း၊ သံဃာတော်များအတွက် ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ကိုဇင်(လွိုင်ကော်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၄ - ၁၁ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၂၀၀ | ၉,၂၀၀ | ၃ | ၂၇,၆၀၀ |
| MTSH | ၃,၃၀၀ | ၃,၄၀၀ | ၃၃၆ | ၁,၁၀၉,၁၀၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၅၃ | ၄၀၈,၁၀၀ |
| FPB | ၁၉,၅၀၀ | ၁၉,၅၀၀ | ၀ | ၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၃၀ | ၈၂,၅၀၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၂၅၁ | ၆၇၇,၇၀၀ |
| AMATA | ၅,၀၀၀ | ၄,၉၀၀ | ၂၁ | ၁၀၄,၉၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် နိုဝင်ဘာ ၄

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၅၅.၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၈၉.၂၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၅.၉၉၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၄၂.၂၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၄၆၆ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၃၆.၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၄၈၄.၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၂၁.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၇.၉၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များအား ထားဝယ်မြို့နယ်ခန်းမ၌ တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားစဉ်။

# ဒေသမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးကုန်ကြမ်းများကို အသုံးပြုပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်စေရေးအတွက် ကုန်ကြမ်းများ၊ အရင်းအနှီး၊ နည်းပညာနှင့် လူသားအရင်းအမြစ်ကောင်းများ လိုအပ်

- **တနင်္သာရီတိုင်းဒေသကြီးအတွင်း ရော်ဘာစိုက်ပျိုးမှုများစွာရှိပြီး အဆိုပါ ရော်ဘာထုတ်ကုန်များကို အသုံးပြု၍ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များအတွက် တာယာလုပ်ငန်း၊ ဖိနပ်လုပ်ငန်းနှင့် အခြားလူသုံးပစ္စည်းအမျိုးမျိုးကို နည်းပညာအသုံးပြုကာ ပြည်တွင်း၌ အဆင့်မီထုတ်လုပ်နိုင်မည်ဆိုပါက ဒေသအကျိုးကို ပိုမိုဖြစ်ထွန်းစေနိုင်မည်**
- **အခြားပြည်တွင်းမှ ထွက်ရှိသည့် ကုန်ကြမ်းများကို အသုံးပြုပြီး လူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်တွင်းစီးပွားရေးကို မြှင့်တင်အားပေးနိုင်မည်ဖြစ်ပြီး ပြည်ပသွင်းကုန်များကိုလည်း လျှော့ချနိုင်မည်**
- **ဝါး၊ သစ်နှင့် သစ်တောထွက်ပစ္စည်းများကိုလည်း စက္ကူပျော့ဖတ်အပါအဝင် အခြားလူသုံးကုန်၊ ကုန်ချောပစ္စည်းအမျိုးမျိုးကို အဆင့်မီထုတ်လုပ်၍ ပြည်တွင်းလိုအပ်ချက်သာမက ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည်ဆိုပါက MSME လုပ်ငန်းများသည်လည်း တိုးတက်လာမည်**

☆ ရွှေ့ဖုံးမှ

### စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား တစ်ဦးချင်း တင်ပြဆွေးနွေး

ဦးစွာ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသဆိုင်ရာ အချက်အလက်များ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ စက်မှုဇုန်များအလိုက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ကူညီပံ့ပိုးမှုများနှင့် လုပ်ငန်းခွင်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ ဆီထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ထားဝယ်ခရိုင် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဒေါက်တာယုစိန်၊ အောင်ဇမ္ဗူကိုကိုးပျိုးပင်နှင့် ကိုကိုးတန်ဖိုးမြှင့်ကုန်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းရှင် ဦးနေလင်းအောင်၊ ထားဝယ်ခရိုင် ကွမ်းသီးလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးဖြိုးပိုင်ဦး၊ ဩဇာမင်း သဘာဝမြေဩဇာထုတ်လုပ်ရေး စက်ရုံလုပ်ငန်းရှင် ဦးစိုးထက်အောင်၊ ရွှေဥဩထားဝယ်ခရိုင်ရိုးရာရက်ကန်းကော်မတီအဖွဲ့ဝင် ဦးနေမင်း၊ ထားဝယ်ခရိုင်ရေထွက်ကုန်ပစ္စည်းထုတ်လုပ်ရေး လုပ်ငန်းရှင် ဦးအောင်ဝင်း၊ ရေထွက်ကုန်ပစ္စည်းနှင့် ဒေသထွက်ကုန်ပစ္စည်းများ တန်ဖိုးမြှင့်ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းရှင် ဦးအောင်မင်းနိုင်၊ ရော်ဘာသစ်အခြေခံသစ်အချောထည်စက်ရုံလုပ်ငန်းရှင် ဦးနော်အောင်၊ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း (တနင်္သာရီဇုန်)ဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် တက်ရောက်လာကြသူများက ထားဝယ်ခရိုင်အတွင်း ရော်ဘာစိုက်ပျိုးထုတ်လုပ်နေမှုနှင့် ပြည်ပသို့တင်ပို့ရောင်းချလျက်ရှိမှု၊ ရော်ဘာထုတ်လုပ်မှု တိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် အတိုးနှုန်းသက်သာသည့် ရင်းနှီးမတည်ချေးငွေများလိုအပ်လျက်ရှိမှု၊ စက်မှုကုန်ကြမ်းပင်များစိုက်ပျိုး၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ သဘာဝမြေဩဇာ ထုတ်လုပ်လျက်ရှိမှု၊ ရက်ကန်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရေထွက်ကုန်ပစ္စည်း ထုတ်လုပ်လျက်ရှိမှုနှင့် ကမ်းနီးငါးဖမ်းလှေများအတွက် ကန့်သတ်ချက်များကို ဖြေလျှော့ပေးစေလိုမှု၊ ထားဝယ်ဒေသတွင် MSME လုပ်ငန်းများအတွက် စက်မှုဇုန်တစ်ခုဆောင်ရွက်ပေးစေလိုမှု၊ ဒေသတွင်းမှ ထွက်ရှိသည့် ရော်ဘာသစ်များကို သစ်အချောထည်ပစ္စည်းများ ထုတ်လုပ်ရောင်းချလျက်ရှိမှု၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြေလျှော့မှုများ ဆောင်ရွက်ပေးစေလိုမှု၊ မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးစေလိုမှုနှင့် ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားလိုအပ်သည်များကို အသီးသီးတင်ပြဆွေးနွေးကြသည်။

### ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏ တစ်ဦးချင်း ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်းနှင့် ဦးအောင်နိုင်ဦးတို့က ဝန်ကြီးဌာနအလိုက် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ စီးပွားရေးလုပ်ငန်းများအတွက် နိုင်ငံတော်မှချေးငွေများကို ကာလအပိုင်းအခြားအလိုက် အတိုးနှုန်းသက်သာစွာဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး တင်ပြချက်များတွင် ပါဝင်သည့် ချေးငွေရယူလိုမှုအပေါ် သတ်မှတ်ချက်နှင့်အညီ ခွင့်ပြုပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်သည့် အခြေအနေများ၊ ချေးငွေများ ပြန်လည်ရရှိမှုသာလျှင် နိုင်ငံတော်၏ လည်ပတ်သုံးစွဲငွေများ ပြန်လည်ရရှိမည်ဖြစ်ပြီး စီးပွားရေးကဏ္ဍသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ရယူထားသည့် ချေးငွေများကို သတ်မှတ်ကာလအတွင်း အချိန်မီပြန်လည်ပေးဆပ်ရန် လိုအပ်မှု၊ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးပွားရေးနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမအစုအဖွဲ့များ ဖွဲ့စည်း၍ လိုအပ်သည်များ ကူညီပံ့ပိုးပေးလျက်ရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် သမဝါယမအသင်းအဖွဲ့များ ဖွဲ့စည်း၍ Contract Farming စနစ်ဖြင့် ချိတ်ဆက်ဆောင်ရွက်ပေးကာ စိုက်ပျိုးရေးတောင်သူများ၏ လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ငါးလုပ်ငန်းအတွက် အဖိုးတန်သည့် ဒီရေတောများကို ထိန်းသိမ်းဆောင်ရွက်သွားကြရန် လိုအပ်မှု၊ ကြိမ်လုပ်ငန်းမှလည်း ဒေသတွင်း ဝင်ငွေတိုးပွားစေနိုင်သည့်အတွက် စဉ်ဆက်မပြတ်အောင် ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရန်လိုအပ်မှု၊ ဒေသတွင်းထုတ်ကုန်များအား ကူးသန်းရောင်းဝယ်မှု လွယ်ကူစေရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ ကုန်သွယ်မှုနှင့်ပတ်သက်၍ သတင်းအချက်အလက်မှန်ကန်စွာ ရရှိစေရေးအတွက် ကြေညာချက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ဆောင်ရွက်ပေးလျက်ရှိမှု စသည်ဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီး ပြန်လည်ဆွေးနွေးပြောကြားကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ထားဝယ်ခရိုင်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး လုပ်ဆောင်လျက်ရှိသည့် အခြေအနေများကို ဆွေးနွေးပြောကြားသည်။

### ထားဝယ်ခရိုင်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)ဖွံ့ဖြိုးတိုးတက်ရေး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏စီးပွားရေးလုပ်ငန်းများကိုမြှင့်တင်ရန် ရည်ရွယ်၍ ဒေသအသီးသီးရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် လိုက်လံတွေ့ဆုံနေခြင်းဖြစ်ပြီး တင်ပြချက်များအပေါ် မူတည်၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းနှင့် အခြားလိုအပ်သည်များကို မှာကြားခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ယခင်က နိုင်ငံတွင် စီးပွားရေးစနစ်အမျိုးမျိုးကို ကျင့်သုံးခဲ့ကြပြီး အဆင်ပြေခဲ့သည်များရှိသကဲ့သို့ မအောင်မြင်ခဲ့သည်များလည်း ရှိခဲ့ကြောင်း၊ တပ်မတော်အစိုးရလက်ထက်တွင် ဈေးကွက်စီးပွားရေးစနစ်ဖြင့် လျှောက်လှမ်းဆောင်ရွက်ခဲ့ပြီး ယခုအခါ မိမိတို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေခြင်းဖြစ်သည့်အတွက် ဈေးကွက်စီးပွားရေးစနစ်ကို ဆက်လက်လျှောက်လှမ်းရမည်ဖြစ်ကြောင်း၊ ယခင်က မိမိတို့နိုင်ငံတွင် ပြည်တွင်းစီးပွားရေးနှင့် ကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်ခဲ့ခြင်း မရှိသဖြင့် ကုန်သွယ်မှုလိုငွေများ များစွာပြခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင် ပြည်တွင်းစီးပွားရေးကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည့် အလားအလာကောင်းများစွာရှိပြီးဖြစ်ကြောင်း၊ နိုင်ငံခြားသုံးငွေများကို ပြည်ပချေးငွေ၊ ထောက်ပံ့ငွေများနှင့် Non-Trade များမှရရှိသည့် နိုင်ငံခြားငွေများမှ သုံးစွဲနိုင်သည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်၏ တာဝန်များကို စတင်တာဝန်ယူဆောင်ရွက်ခဲ့ရချိန်တွင် အခက်အခဲများစွာရှိခဲ့ပြီး ၎င်းတို့ကို ကျော်လွှား၍ ပြည်တွင်းစီးပွားရေးကို မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ လုပ်ငန်းများလည်ပတ်မှု စဉ်ဆက်မပြတ်စေရေး

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုကို လှည့်လည်ကြည့်ရှုစဉ်။

☆ စာမျက်နှာ ၃ မှ

ကိုဗစ်-၁၉ ကာလအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ခွင့်ပြုပေးခဲ့ကြောင်း၊ မိမိတို့နိုင်ငံ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်သည်ဖြစ်သောကြောင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်ခဲ့ချိန်တွင် ပြည်တွင်းစားသုံးမှု၌ ထိခိုက်မှုမရှိခဲ့ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းသည် မိမိတို့နိုင်ငံအတွက် ခိုင်မာသေချာမှုအရှိဆုံးသော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ယခုကဲ့သို့ MSME လုပ်ငန်းများကို အားပေးဆောင်ရွက်နေရခြင်းမှာ တိုင်းပြည်၏ စီးပွားရေးမြှင့်တင်ရန်၊ ပြည်ပသွင်းကုန်များ အစားထိုးနိုင်ရန်နှင့် ပြည်ပသို့ ပြည်တွင်းထုတ်ကုန်များ တင်ပို့နိုင်ရန်ဖြစ်ကြောင်း။

**ဒေသနှင့် ပြည်တွင်းမှထွက်ရှိသည့် ကုန်ကြမ်းပစ္စည်းများကို အကျိုးရှိစွာ အသုံးချ၍ ကုန်ထုတ်လုပ်မှုကို မြှင့်တင်**

တနင်္သာရီတိုင်းဒေသကြီးအတွင်း ရော်ဘာစိုက်ပျိုးမှုများစွာရှိပြီး အဆိုပါ ရော်ဘာထုတ်ကုန်များကို အသုံးပြု၍ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များအတွက် တာယာလုပ်ငန်း၊ ဖိနပ်လုပ်ငန်းနှင့် အခြားလူသုံးပစ္စည်းအမျိုးမျိုးကို နည်းပညာအသုံးပြုကာ ပြည်တွင်း၌ အဆင့်မီထုတ်လုပ်နိုင်မည်ဆိုပါက ဒေသအကျိုးကို ပိုမိုဖြစ်ထွန်းစေနိုင်မည်ဖြစ်ကြောင်း၊ အလားတူ အခြားပြည်တွင်းမှ ထွက်ရှိသည့် ကုန်ကြမ်းများကို အသုံးပြုပြီး လူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်တွင်းစီးပွားရေးကို မြှင့်တင်အားပေးနိုင်မည်ဖြစ်ပြီး ပြည်ပသွင်းကုန်များကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ဝါး၊ သစ်နှင့် သစ်တောထွက်ပစ္စည်းများကိုလည်း စက္ကူပျော့ဖတ်အပါအဝင် အခြားလူသုံးကုန်၊ ကုန်ချောပစ္စည်းအမျိုးမျိုးကို အဆင့်မီထုတ်လုပ်၍ ပြည်တွင်းလိုအပ်ချက်သာမက ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည်ဆိုပါက MSME လုပ်ငန်းများသည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ထားဝယ်ခရိုင်အတွင်း စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည့် ပံ့ပိုးကူညီမှုများကို နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ပြည်တွင်းမှ ထွက်ရှိသည့် ကုန်ကြမ်းပစ္စည်းများကို အသုံးပြုခြင်းသည် ကုန်ထုတ်လုပ်မှုလုပ်ငန်းအတွက် ခိုင်မာမှုအရှိဆုံးသော စီးပွားရေးလုပ်ငန်းပင်ဖြစ်ကြောင်း၊ ရေထွက်သယံဇာတများအား ထုတ်ယူခြင်းအပြင် ငါးမွေးမြူရေးလုပ်ငန်းကိုလည်း အောင်မြင်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ ဒေသမှထွက်ရှိသည့် စိုက်ပျိုးရေးထုတ်ကုန်များမှ တိရစ္ဆာန်အစာများထုတ်လုပ်၍ အခြားမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် သားရေများဖြင့် သားရေနှင့်ပတ်သက်သည့် သုံးကုန်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်၍ ရနိုင်ကြောင်း၊ အုန်းစိုက်ပျိုး၍ရသည့် နေရာများစွာရှိပြီးဖြစ်သဖြင့် အုန်းစိုက်ပျိုးမှုများဆောင်ရွက်ပြီး အုန်းထွက်ပစ္စည်းများကို အဆင့်မီထုတ်လုပ်၍ ရနိုင်ကြောင်း၊ ထို့ကြောင့် ဒေသမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးကုန်ကြမ်းများကို အသုံးပြုပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း။

**ကုန်ကြမ်းပစ္စည်း၊ အရင်းအနှီး၊ နည်းပညာနှင့် လူသားအရင်းအမြစ်ကောင်းများ ရရှိရန်လိုအပ်**

အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်ထားရသည့် ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်စေရေးအတွက် ကုန်ကြမ်းများ၊ အရင်းအနှီး၊ နည်းပညာနှင့် လူသားအရင်းအမြစ်ကောင်းများ လိုအပ်ကြောင်း၊ ထုတ်လုပ်သည့် ပစ္စည်းများ ဈေးကွက်ရရှိစေရေးအတွက် ပစ္စည်းများ၏အရည်အသွေး ကောင်းမွန်ရန်နှင့် သေသပ်ကောင်းမွန်ပြီး ဆွဲဆောင်မှုရှိသည့် ထုပ်ပိုးမှုပုံစံလည်း ရှိရမည်ဖြစ်ကြောင်း၊ အရင်းအနှီးနှင့်ပတ်သက်၍ နိုင်ငံတော်မှသတ်မှတ်ထားသည့် အတိုးနှုန်းများဖြင့် ချေးငွေများ ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ အရည်အသွေးမြင့်ထုတ်ကုန်ပစ္စည်းများ ရရှိရေးအတွက် အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများရှိရန် လိုအပ်ကြောင်း၊ ပညာရေးကို အားပေးမှသာလျှင် ဒေသနှင့်နိုင်ငံ၏လူသားအရင်းအမြစ်များသည်လည်း ပေါ်ကြွယ်ဝလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တစ်ဦးတစ်ယောက်ချင်းမှစ၍ ပညာရေးကို အလေးထားအားပေး ဆောင်ရွက်ကြစေလိုကြောင်း။

**ခရီးသွားလုပ်ငန်းနှင့် ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူလျင်မြန်ချောမွေ့စေရေး**

ထားဝယ်ဒေသသို့ နယ်စပ်မှတစ်ဆင့် ပြည်ပခရီးသွားများ ဝင်ရောက်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် မိမိတို့ဒေသ၏ သန့်ရှင်းသာယာလှပရေးကို ဒေသတွင်းရှိ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံများက တာဝန်သိစွာဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ နယ်မြေတည်ငြိမ်အေးချမ်းမှသာလျှင် ဒေသသို့လာရောက်သူများ များပြားလာမည်ဖြစ်သည့်အတွက် နယ်မြေဒေသအေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးအတွက်လည်း ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အိမ်သာမှသာလျှင် ဧည့်လာမည်ဖြစ်သဖြင့် မိမိတို့ဒေသသန့်ရှင်းသာယာလှပရေး၊ တည်ငြိမ်အေးချမ်းရေး ဝိုင်းဝန်းဆောင်ရွက်၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းနှင့် ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူလျင်မြန်ချောမွေ့စေရေးအတွက် ထားဝယ်ဒေသသို့ မီးရထားလမ်းဖောက်လုပ်နိုင်ရေး ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်လျက်ရှိကြောင်း။

စက်သုံးဆီသုံးစွဲမှုများကိုလည်း လျှော့ချစေလိုပြီး စက်သုံးဆီများကို ပြည်ပမှတင်သွင်းနေရခြင်းဖြစ်သဖြင့် နိုင်ငံခြားငွေသုံးစွဲရကြောင်း၊ လျှပ်စစ်စွမ်းအားအသုံးပြုသည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဆိုပါက စက်သုံးဆီသုံးစွဲနေရမှုများကိုလည်း များစွာလျှော့ချနိုင်မည်ဖြစ်ကြောင်း၊ စက်သုံးဆီသုံးစွဲမှုများကို လျှော့ချနိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုများ လျော့ကျသွားမည်ဖြစ်ကြောင်း။

လက်ရှိအချိန်တွင် ပြည်တွင်းစီးပွားရေး တိုးတက်လာသည်ကို တွေ့ရှိရပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက ထပ်မံတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်သည့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားရေး တိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကျေးလက်နေပြည်သူများ၏ စီးပွားရေးကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ငွေကြေးလည်ပတ်မှုများ ကောင်းမွန်လာပြီး နိုင်ငံ့စီးပွားရေးမြင့်တက်လာမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို နိုင်ငံရေးလုပ်ငန်းစဉ်(၂)ရပ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိပြီး အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

ထားဝယ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်းနေထိုင်သူများက ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဒေသတွင်းမှထွက်ရှိသည့် ကုန်ကြမ်းများကို အသုံးပြု၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လိုအပ်သည့်ပံ့ပိုးမှုများကိုလည်း နိုင်ငံတော်မှ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုများ တိုးတက်စေရန်အတွက် အားလုံးဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်းဖြင့် တိုက်တွန်းဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် ထားဝယ်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ခင်းကျင်းပြသထားသည့် စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်၊ ရိုးရာလက်မှုထုတ်ကုန်များ၊ အဝတ်အထည်များ၊ တိုင်းရင်းဆေးများ စသည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားဖြင့် လှည့်လည်ခဲ့ပြီး ဈေးကွက်ရရှိမှု အခြေအနေများကို မေးမြန်းဆွေးနွေးရာ လုပ်ငန်းအလိုက် စီးပွားရေးလုပ်ငန်းရှင်များက လိုက်လံရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ထားဝယ်မြို့ ကမ်းနားလမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

- ❖ **အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်ထားရသည့် ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိ**
- ❖ **ခရီးသွားလုပ်ငန်းနှင့် ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူလျင်မြန် ချောမွေ့စေရေးအတွက် ထားဝယ်ဒေသသို့ မီးရထားလမ်းဖောက်လုပ်နိုင်ရေး ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်လျက်ရှိ**
- ❖ **လက်ရှိအချိန်တွင် ပြည်တွင်းစီးပွားရေး တိုးတက်လာသည်ကို တွေ့ရှိရပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက ထပ်မံတိုးတက်လာမည်**
- ❖ **နိုင်ငံ့စီးပွားရေးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကျေးလက်နေပြည်သူများ၏စီးပွားရေးကို အားပေး ဆောင်ရွက်ရမည်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းစီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းစီမံကိန်းလျာထားမှုများ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် Jeng Phang နော်တောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အနောက်မြောက်ဘက် ၁၇ မိုင်ခန့်အကွာ နဘူးလယ်ဒေသရှိ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းစီမံကိန်း လျာထားမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ်အား စီမံကိန်းရှင်းလင်းဆောင်၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးတို့က ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်း စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှု၊ အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းဆောင်ရွက်မှုများတိုးတက်ရန် နှောင့်နှေးကြန့်ကြာခဲ့ရမှု၊ စီးပွားရေးဇုန် နယ်နိမိတ်အတွင်း တည်ဆောက်ပြီး၊ တည်ဆောက်ဆဲနှင့် တည်ဆောက်ရန်ကျန် ဆိပ်ခံတံတားများ၊ စက်ရုံများ၊ အဆောက်အအုံများ ဆောင်ရွက်ထားရှိမှု၊ စီမံကိန်းလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ရန် လိုအပ်ချက်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းသည် နိုင်ငံအတွက် အကျိုးရှိမည့် စီမံကိန်းတစ်ခုဖြစ်သကဲ့သို့ နိုင်ငံတကာအတွက်လည်း အထောက်အကူဖြစ်စေကြောင်း၊ ဗီယက်နမ်နိုင်ငံမှ ဆိပ်ကမ်းအား အရှေ့အာရှနိုင်ငံများမှ အသုံးပြု၍ ထားဝယ်ရေနက်ဆိပ်ကမ်းသို့ ပို့ဆောင်ပြီး တောင်အာရှဒေသ၊ ပင်လယ်ကွေ့ဒေသသို့ လည်းကောင်း၊ အနောက်ဘက်ဒေသနိုင်ငံများမှ ထားဝယ်ရေနက်ဆိပ်ကမ်းမှတစ်ဆင့် ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နိုင်ငံများမှ အာရှအရှေ့ပိုင်းအထိ ပို့ဆောင်နိုင်သဖြင့် အောင်မြင်အောင် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုအပ်သည့် အခြေအနေများ၊ စီမံကိန်းအတွင်း ယခင်ကတည်းက လျာထားဆောင်ရွက်ခဲ့သည့် တည်ဆောက်ပြီး အဆောက်အအုံများအား ပျက်စီးမှုမရှိစေရေးနှင့် ရေရှည်တည်တံ့စေရေး စနစ်တကျထိန်းသိမ်းဆောင်ရွက်ရန် လိုသည့်အခြေအနေများ၊ သက်ဆိုင်ရာ ကော်မတီမှတစ်ဆင့် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများကို ဖြေရှင်းပြီးအောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော်ဆောင် သွားရမည့် အခြေအနေများနှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းစီမံကိန်း အကွက်ချပုံစံငယ်အား ကြည့်ရှုစဉ်။

ထို့နောက် စီမံကိန်းဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်နိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ပြီး စီမံကိန်းအကွက်ချပုံစံငယ်အား ကြည့်ရှုကာ လိုအပ်သည်များ မှာကြားဆွေးနွေးသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းနှင့် ရေနက်ဆိပ်ကမ်း လျာထားသည့်နေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းနှင့် ရေနက်ဆိပ်ကမ်း လျာထားသည့်နေရာများကို ကြည့်ရှုစစ်ဆေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ထားဝယ်တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်ရေးအတွက် တပ်မတော်သားများအနေဖြင့် မိမိတို့ တစ်ဦးချင်း၏ စွမ်းရည်များတိုးတက်အောင် အမြဲမပြတ် လေ့ကျင့်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၄

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတမ်းဒေသတိုင်းစစ်ဌာနချုပ် ထားဝယ် တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

## နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာတွင် နိုင်ငံတော်တွင်ဖြစ်ပေါ်လာသည့်အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရသည့် အခြေအနေများ၊ ခေတ် အဆက်ဆက် အုပ်ချုပ်ပုံစနစ်များ ပြောင်းလဲခဲ့မှုနှင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်း နိုင်ရေး တပ်မတော်မှ ဆောင်ရွက်ပေးခဲ့သည့် အခြေ အနေများ၊ နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများနှင့် စပ်လျဉ်း၍ ဦးစွာ ရှင်းလင်း ပြောကြားသည်။

## ကာကွယ်ရေးစွမ်းပကားမြင့်မားစေရေး ကြိုးပမ်းတည်ဆောက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆက်လက်ပြောကြားရာတွင် တပ်မတော်၏ အဓိက တာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရန်ဖြစ်ကြောင်း၊ သို့သော်လည်း လက်ရှိ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ထားဝယ်တပ်နယ်မှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။

အချိန်တွင် နိုင်ငံတော်၏ တာဝန်များကိုပါ တာဝန်ယူ ထိန်းသိမ်းဆောင်ရွက်နေရခြင်းဖြစ်သဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို လည်း ဆောင်ရွက်နေရကြောင်း၊ စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်ရေးအတွက် တပ်မတော်သားများ အနေဖြင့် မိမိတို့ တစ်ဦးချင်း၏ စွမ်းရည်များတိုးတက် အောင် အမြဲမပြတ် လေ့ကျင့်ဆောင်ရွက်နေရမည် ဖြစ်ကြောင်း၊ တပ်မတော်ကို လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ခေတ်မီလက်နက်ကိရိယာများ ပိုင်ဆိုင်နိုင်ရေးနှင့် ကျွမ်းကျင်စွာ အသုံးပြုတတ်စေရေး ခေတ်အဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတိုင်းတွင် မိမိတို့နိုင်ငံ၏ ကာကွယ်ရေးစွမ်းပကား မြင့်မားစေရေးအတွက် ကြိုးပမ်းတည်ဆောက်လျက် ရှိသကဲ့သို့ မိမိတို့နိုင်ငံအနေဖြင့်လည်း နိုင်ငံတော်၏ ကာကွယ်ရေးစွမ်းပကား မြင့်မားစေရေး အမြဲမပြတ် ကြိုးပမ်းတည်ဆောက်နေရမည်ဖြစ်ကြောင်း၊ ရှိရင်းစွဲ လူ့စွမ်းအားအရင်းအမြစ်များနှင့် လက်နက်ကိရိယာ များကို စွမ်းရည်စွမ်းပကား မြင့်မားနေစေရေး၊ ခေတ်နှင့်လျော်ညီသည့် စွမ်းရည်စွမ်းအားရှိစေရေး အမြဲမပြတ် လေ့ကျင့်ဆောင်ရွက်နေကြရမည်ဖြစ် ကြောင်း၊ စစ်သည်တစ်ဦးချင်းအနေဖြင့် မိမိတို့ နေ့စဉ် လေ့ကျင့်ဆောင်ရွက်ရမည့် လေ့ကျင့်ခန်းများ၊ တာဝန် များကို မှန်မှန်ကန်ကန် ဆောင်ရွက်နေမည်ဆိုပါက တစ်ဦးချင်း၏ စွမ်းရည်တိုးတက်လာနိုင်မည်ဖြစ်ပြီး စစ်ရေးသတိ၊ စစ်ရေးအသိ အမြဲရှိနေရန်လည်း လိုအပ်မည်ဖြစ်ကြောင်း။

## စနစ်ကျနသည့် နေထိုင်သွားလာ စားသောက်မှုပုံစံရှိရမည်

တပ်မတော်အနေဖြင့် စစ်သည်တစ်ဦးချင်းစီ အလိုက် အဆင့်နှင့်လျော်ညီစွာ နေထိုင်စားသောက် နိုင်ရေး နေရေး၊ ဝတ်ရေး၊ စားရေး တို့အပြင် အခြား အုပ်ချုပ်မှုဆိုင်ရာ အခက်အခဲများ အဆင်ပြေချောမွေ့ စေရေး အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေး ထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် စစ်သည်များ အနေဖြင့်လည်း မိမိတို့ ရသင့်ရထိုက်သည့် အခွင့် အရေးများ ရရှိစေရေးနှင့် ရရှိလာသည့် အခွင့်အရေး များနှင့် ရပိုင်ခွင့်များကို ထိန်းထိန်းသိမ်းသိမ်းဖြင့် စနစ်တကျသုံးစွဲကြစေလိုကြောင်း၊ စားရေးနှင့် ပတ်သက်၍ တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကို အောင်မြင်အောင် ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ တစ်ဦးချင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါကလည်း စားရေး ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း၊ မိမိတို့၏ ဝင်ငွေနှင့် ထွက်ငွေများကို လည်း မျှတစွာသုံးစွဲရန်လိုအပ်မည်ဖြစ်ပြီး မလိုလား အပ်သော ငွေကုန်ကြေးကျမှုများမရှိစေရေး စနစ်တကျ သုံးစွဲစေလိုကြောင်း။

## ပညာရေးအလေးပေးဆောင်ရွက်

ထို့ပြင် မိမိတို့တစ်ဦးချင်း၏ အသိပညာမြင့်မား စေရေးအတွက် ဗဟုသုတဖြစ်စေနိုင်မည့် စာပေများ ကို ဖတ်မှတ်လေ့လာနေရမည်ဖြစ်သကဲ့သို့ မိမိတို့၏ သားသမီးများကိုလည်း ပညာရေးအားပေးကြရမည် ဖြစ်ကြောင်း၊ ပညာရေးအားနည်းပါက အသိအမြင် အားနည်းမည်ဖြစ်ပြီး မိမိတို့၏ လူမှုစီးပွားဘဝတိုးတက် ရေးတွင် အခက်အခဲများ ဖြစ်ပေါ်နိုင်မည်ဖြစ်သဖြင့် မိမိတို့၏ သားသမီးများအပေါ် ကောင်းမွန်သည့် ပညာအမွေပေးနိုင်ရမည်ဖြစ်ကြောင်း၊ အတန်းပညာ မြင့်မားစေရေးသာမက စာမျက်နှာ ၇ သို့ »»

- ☆ နိုင်ငံတိုင်းတွင် မိမိတို့နိုင်ငံ၏ ကာကွယ်ရေးစွမ်းပကား မြင့်မားစေရေးအတွက် ကြိုးပမ်းတည်ဆောက်လျက်ရှိသကဲ့သို့ မိမိတို့ နိုင်ငံအနေဖြင့်လည်း နိုင်ငံတော်၏ ကာကွယ်ရေးစွမ်းပကားမြင့်မားစေရေး အမြဲမပြတ်ကြိုးပမ်းတည်ဆောက်နေရမည်
- ☆ ရှိရင်းစွဲ လူ့စွမ်းအားအရင်းအမြစ်များနှင့် လက်နက်ကိရိယာများကို စွမ်းရည်စွမ်းပကားမြင့်မားနေစေရေး၊ ခေတ်နှင့်လျော်ညီသည့် စွမ်းရည်စွမ်းအားရှိစေရေး အမြဲမပြတ်လေ့ကျင့်ဆောင်ရွက်နေကြရမည်
- ☆ စစ်သည်တစ်ဦးချင်းအနေဖြင့် မိမိတို့ နေ့စဉ်လေ့ကျင့်ဆောင်ရွက်ရမည့် လေ့ကျင့်ခန်းများ၊ တာဝန်များကို မှန်မှန်ကန်ကန် ဆောင်ရွက် နေမည်ဆိုပါက တစ်ဦးချင်း၏ စွမ်းရည်တိုးတက်လာနိုင်မည်ဖြစ်ပြီး စစ်ရေးသတိ၊ စစ်ရေးအသိ အမြဲရှိနေရန်လည်း လိုအပ်မည်

»»» **စာမျက်နှာ ၆ မှ**

အသိပညာမြင့်မားစေရေးအတွက်လည်း ဖတ်သင့်ဖတ်ထိုက်သည့် သိသင့်သိထိုက်သည့် စာပေများ၊ အသိအမြင်များကို ပေးနိုင်ရမည်ဖြစ်ကြောင်း၊ ထိုသို့ အသိအမြင်များ ပေးနိုင်ရေးအတွက် မိမိတို့၏ တစ်ဦးချင်းကလည်း အသိပညာတိုးပွားစေရေး စာပေဖတ်မှတ်လေ့လာရမည်ဖြစ်ပြီး မိမိတို့ သားသမီးများကို မိမိတို့ထက်သာလွန်အောင် မြေတောင်မြှောက်ပေးကြရန်လိုကြောင်း။

တပ်မတော်သားများအနေဖြင့် မိမိတို့ တစ်ဦးချင်း ထမ်းဆောင်ရမည့်တာဝန်များကို မှန်မှန်ကန်ကန်နှင့် ကျေပွန်စွာ ထမ်းဆောင်ရန်လိုပြီး နိုင်ငံတော်နှင့် တပ်မတော်အတွက်ဟူသည့် စိတ်ကို အမြဲတမ်း နှလုံးသွင်း၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့ တစ်ဦးတစ်ယောက်ချင်း၏ နေထိုင်ပြောဆိုလုပ်ကိုင်မှု စည်းကမ်းစနစ်တကျရှိပြီး စွမ်းရည်ကောင်းမွန်မှုများမှတစ်ဆင့် မိမိတို့တပ်မတော်၏ဂုဏ်ကို မြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

**စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တပ်နယ်မှ တာဝန်ရှိသူတစ်ဦးက လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ နယ်မြေခံ တပ်မဌာနချုပ်မှူး၏ ဇနီးက လည်းကောင်း လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ထားဝယ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် ထားဝယ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၏ ကျန်းမာရေးအခြေအနေများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။

ထို့ပြင် နိုဝင်ဘာ ၃ ရက် ညနေပိုင်းတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် တာဝန်ရှိသူများလိုက်ပါ၍ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ကျက်သရေဆောင် ရွှေတောင်စားစေတီတော်မြတ်ကြီးရှိ လောကမာရဇိန်ဘုရားကြီးအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား ဂေါပကအဖွဲ့ဝင် ဦးထွန်းကြည်နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် လောကမာရဇိန် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်သည်။ ယင်းနောက် ရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီးတို့က ဘုရားကြီးအတွက် ဘက်စုံအလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ထားဝယ်တပ်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ နယ်မြေခံတပ်မဌာနချုပ်မှူး၏ ဇနီးက လက်ခံရယူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ထားဝယ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူတစ်ဦးအား ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်လှစ်

ရန်ကုန် နိုဝင်ဘာ ၄

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်ပွဲကို ပင်လုံလမ်းရှိ မြို့နယ်မီးသတ်ဦးစီးဌာန သင်တန်းခန်းမတွင် ယနေ့နံနက် ၁၀ နာရီက ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးကျော်သူက အရန်မီးသတ်တပ်ဖွဲ့ဝင်များ အနေဖြင့် မီးသတ်တပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်များဖြစ်သည့် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးလုပ်ငန်းများ၊ မီးသတ်တပ်ဖွဲ့ဥပဒေ၊ နည်းဥပဒေများအား ကျွမ်းကျင်တတ်မြောက်စေရန်အတွက် သင်တန်းမှ စာတွေ့လက်တွေ့ပို့ချသည့် သင်ခန်းစာများကို ကြိုးစားသင်ယူကြစေလို



ကြောင်း၊ သင်တန်းမှပို့ချသည့် ဘာသာရပ်များဖြင့် မိမိရပ်ရွာအကျိုး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆတက်ထမ်းပိုး ဆောင်ရွက်သွားကြရန် ပြောကြားသည်။ ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ထွန်းအောင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်တန်းလေ့ကျင့်ရေးအစီအမံများ၊ သင်တန်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂)မှ အရန်မီးသတ်သင်တန်းသားများအတွက် မီးသတ်တပ်ဖွဲ့ဝတ်စုံများ ပေးအပ်သည်။ အဆိုပါသင်တန်းကို နိုဝင်ဘာ ၁ ရက်မှ ၂၅ ရက်အထိ ရက်သတ္တလေးပတ်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်းသိရသည်။ သင်တန်းတွင် အခြေခံစစ်ရေးပြဘာသာရပ်၊ မီးလောင်မှုသဘောတရားများ၊ မီးငြိမ်းသတ်ရေးနည်းစနစ်များ၊ အဆင့်မြင့် မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများဖြင့်လေ့ကျင့်ခြင်းစသည့် ဘာသာရပ်များကို သင်တန်းနည်းပြ ငါးဦးဖြင့် သင်တန်းသား ၅၀ အား သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ကရင်ပြည်နယ် အခြေခံမဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲ တက်ရောက်



ဘားအံ နိုဝင်ဘာ ၄

ကရင်ပြည်နယ်အတွင်း အခြေခံမဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေး လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည့်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ စောဒန်နီယယ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

## ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်မန်းငြိမ်းမောင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်အနက် နောက်ဆုံးလုပ်ငန်းစဉ်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဲစာရင်းများ မှန်ကန်စေရေးအတွက် မြေပြင်စာရင်းများမှန်ကန်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မဲစာရင်းဆောင်ရွက်နိုင်ရေး အတွက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်လက်မှတ်တစ်ခုခု ရှိရမည်ဖြစ်ကြောင်း၊ မကြာမီကျင်းပမည့်ရွေးကောက်ပွဲ၌ ဥပဒေနှင့်အညီ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့်နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများကို မဲဆန္ဒရှင် စာရင်းပြည့်စုံမှန်ကန်စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် နိုင်ငံသားကတ်တစ်မျိုးမျိုးအား အချိန်မီလက်ဝယ်ရရှိကိုင်ဆောင်နိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မဲစာရင်းများ မှန်ကန်စေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ ပူးပေါင်း၍ မြေပြင်လူဦးရေတိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသော ဝန်ကြီးဌာနများအနေဖြင့် မိမိတို့ဆောင်ရွက်ရမည့် သက်ဆိုင်ရာလုပ်ငန်းများအလိုက် အထူးအလေးထား၍ ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ယခုနိုင်ငံတော်အစိုးရတာဝန်ယူစဉ်ကာလအတွင်း မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်းကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် နိုင်ငံတစ်ဝန်း ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားကတ်ပြားထုတ်ပေးနေမှုနှင့် နိုင်ငံသားကတ်ပြားမပြုလုပ်ရသေးသူမရှိစေရေးအတွက် ကောက်သင်းကောက်ဆောင်ရွက်ပေးနေမှု၊ မြေပြင်လူဦးရေစာရင်း တိုက်ဆိုင်စစ်ဆေးဆောင်ရွက်နေမှု၊ နိုင်ငံသားကတ်ထုတ်ပေးခြင်း မှတ်ပုံတင်စာအုပ်(နိုင်-၄)နှင့် အိမ်ထောင်စုလူဦးရေစာရင်းပါ အချက်အလက်များအား နည်းပညာအသုံးပြု၍ ရုံးသုံး Server တွင် တစ်နေရာတည်း၌ စုစည်းထားရှိမှုနှင့် ပြင်ဆင်/ ပယ်ဖျက်/ အတည်ပြုနိုင်ရန် မိဘပြည်သူများသို့ အသိပေးထုတ်ပြန်ချက်အား နိုင်ငံပိုင်မီဒီယာများမှ ထုတ်လွှင့်ဖော်ပြနေမှု၊ လက်ရှိစာရင်းနှင့် မြေပြင်စာရင်း တိုက်ဆိုင်စစ်ဆေးကာ မှန်ကန်သောမဲစာရင်းများ ပြုစုနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်၊ ယင်းလုပ်ငန်းစဉ်သည် နိုင်ငံတော်အတွက် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်ပြီး သက်ဆိုင်ရာဌာနအသီးသီးမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နိုင်ရေးအခြေအနေ အစရှိသည့် အခြေခံမဲဆန္ဒရှင်စာရင်းမှန်ကန်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြည်နယ်အတွင်း အခြေခံမဲဆန္ဒရှင်စာရင်းမှန်ကန်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ကရင်ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးကျော်စိုး၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစိုးလွင်တို့က မြေပြင်လူဦးရေစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်း မြေပြင်ဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းဆွေးနွေးပြီး ကရင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိ ဦးမောင်မောင်နိုင်က မဲဆန္ဒရှင် စာရင်းများနှင့် စပ်လျဉ်း၍ဆောင်ရွက်မှုကိုရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များက ရှင်းလင်းဆွေးနွေးချက်များအပေါ် ဖြည့်စွက် အကြံပြုဆွေးနွေးခဲ့ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်မန်းငြိမ်းမောင်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကျန်းမာရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ



နေပြည်တော် နိုဝင်ဘာ ၄

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့အခမ်းအနားသည် ထူးခြားလေးနက်သည့် အခမ်းအနားဖြစ်သည်နှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ကျန်းမာရေးလုပ်ငန်းကော်မတီအနေဖြင့် တက်ရောက်လာကြသည့် ဧည့်သည်တော်များအားလုံး ကိုယ်စိတ်ကျန်းမာစွာဖြင့် တက်ရောက်နိုင်စေရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လစ်ဟင်းမှုမရှိစေရေး ဆောင်ရွက်ကြမည်ဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ပြောကြားသည်။

## ပြောကြားခဲ့

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနား အောင်မြင်စွာကျင်းပရေး ကျန်းမာရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် ကျင်းပရာ ကျန်းမာရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဖွဲ့ သုံးဖွဲ့ကို လုပ်ငန်းပေါ်မူတည်၍ ဖွဲ့စည်းထားပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားဆဲဖြစ်သဖြင့် ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအပြင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေးလုပ်ငန်းများကိုလည်း ထည့်သွင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင် ပုံမှန်ကျင်းပသည့်အခမ်းအနားများအပြင် ပြခန်းများ၊ ပဒေသာကပွဲများ၊ အားကစားပြိုင်ပွဲများ၊ ဂုဏ်ပြုအခမ်းအနား စသည်ဖြင့် အခမ်းအနားများ ပါဝင်မည်ဖြစ်ပါကြောင်း၊ အခမ်းအနားတစ်ခုချင်းစီ၏ ဆောင်ရွက်မည့်သဘောသဘာဝအလိုက် ကျန်းမာရေးစောင့်ရှောက်မှုများကို လိုက်လျောညီထွေဖြစ်စွာ ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ဂုဏ်ပြုအခမ်းအနားအတွက် ဂုဏ်ပြုယာဉ်များ တပ်ဆင်မှုကို ဥပ္ပါတသန္တိစေတီတော် တပေါင်းကွင်း၌ ဆောင်ရွက်နေကြပြီဖြစ်ရာ ပါဝင်ဆောင်ရွက်နေသူများအတွက် ဆေးကုသရေးအပြင် ကူးစက်ရောဂါများ ကာကွယ်နိုင်ရေးအတွက် ကျန်းမာရေးနှင့်ညီညွတ်စွာ ပြုမူနေထိုင်နိုင်ရေး အသိပညာပေးအစီအစဉ်များ၊ ပွဲလမ်းသဘင်များ၌ ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဖြစ်သည့် လုံလောက်သောရေ၊ သန့်ရှင်းသော ရေရှိရေး၊ အမှိုက်များ စနစ်တကျ စွန့်ပစ်ရေးအတွက် လိုအပ်သည့် အမှိုက်ပုံးများ၊ အမှိုက်စွန့်ပစ်ရန်နေရာများ စီစဉ်ဆောင်ရွက်ရေး၊ အိမ်သာသန့်ရှင်းမှု၊ လုံလောက်စွာထားရှိမှုတို့ကအစ သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ ကြည့်ရှုစီစဉ်ပေးရန်လိုအပ်ပါကြောင်း။

အခမ်းအနားများသို့ တိုင်းဒေသကြီး/ပြည်နယ်များမှ ကိုယ်စားလှယ်များ တက်ရောက်လာမည်ဖြစ်ရာ လာရောက်ကြမည့်သူများအတွက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အကြံပြုချက်များ ကြိုတင်စီစဉ်ပေးရန်လိုပါကြောင်း၊ ကျင်းပမည့်လုပ်ငန်းအလိုက် အလုံပိတ်အခန်းတွင်း ဆောင်ရွက်မည့် အခမ်းအနားများ၊ ပြင်ပ (Open Air) ၌ ဆောင်ရွက်မည့် လုပ်ငန်းများ တစ်ခုချင်းအလိုက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းများ သတ်မှတ်ပေးရန် လိုအပ်ပါကြောင်း၊ တက်ရောက်မည့်သူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားရန်၊ နေပြည်တော်သို့ လာရောက်မည့်သူများကို ကိုဗစ်-၁၉ ရောဂါပိုး စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်စသည်ဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ စည်းကမ်းများ အသေးစိတ်ရေးဆွဲတင်ပြပေးရန်ဖြစ်ပါကြောင်း၊ ကုသရေးအပိုင်း၌ အခမ်းအနားတစ်ခုချင်းစီတွင် ဆေးအဖွဲ့များ လုံလောက်စွာ တာဝန်ချထားရန်လိုအပ်ပြီး လိုအပ်ပါက ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့နှင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ပဒေသာကပွဲ၊ ပြပွဲ၊ ဂုဏ်ပြုယာဉ် ပြင်ဆင်မှုများအတွက် နေပြည်တော်စည်ပင်သာယာရေး ကော်မတီ ကျန်းမာရေးဌာနနှင့်လည်းကောင်း၊ အားကစားပြိုင်ပွဲများအတွက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ဆေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက လူအင်အားများသဖြင့် ဆေးအဖွဲ့များ အင်အားပြည့် တာဝန်ချထားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးကြရန်၊ ကာကွယ်ရေးသုံး နှာခေါင်းစည်း၊ Hand Gel များ ကြိုတင်ဖြည့်ဆည်းဆောင်ရွက်ထားရန် အရည်အသွေးကောင်းမွန်သည့် ပစ္စည်းများဖြစ်စေရေး စီစဉ်ဆောင်ရွက်ပေးရန် မှာကြားသည်။

ဆက်လက်၍ ကျန်းမာရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏာစိုးက ကျန်းမာရေးဆပ်ကော်မတီ ဖွဲ့စည်းထားရှိမှု၊ လုပ်ငန်းတာဝန်များ၊ ဆောင်ရွက်ထားရှိမှုလုပ်ငန်းများကို ရှင်းလင်းတင်ပြ၍ လုပ်ငန်းအဖွဲ့အလိုက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို တင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက လိုအပ်သည်များ ဖြည့်ဆည်းဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ထွန့်ပတိုင်ရေကန်အဝင်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ တက်ရောက်

ဘားအံ နိုဝင်ဘာ ၄

(၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ထွန့်ပတိုင် ရေကန်အဝင်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီက ဘားအံမြို့နယ် ကော့သင်းရှူးကျေးရွာအုပ်စုရှိ အဆိုပါလမ်းမုခ်ဦး၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့ တက်ရောက်ဖွင့်လှစ်ပေးကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ အဖွဲ့ဝင် စောဒန်နီယယ်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဦးမင်းသိန်း၏၊ ဒေါက်တာသက်သက်ခိုင်၊ ဦးစောထွန်းအောင်မြင့်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် အစိုးရအဖွဲ့ဝင်များသည် ထွန့်ပတိုင်ချမ်းသာကြီးကျောင်းဆောင်၌ ထွန့်ပတိုင်ရေကန် ဦးစီးတည်ထောင်သူ ကျောက်ကလပ်ကျောင်းဆရာတော် ဘဒ္ဒန္တဝိမလအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းကြသည်။



**အသွားအလာအဆင်ပြေချောမွေ့**

ထို့နောက် ထွန့်ပတိုင်ရေကန်အဝင်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ကရင်ပြည်နယ် ဝန်ကြီးချုပ်ဦးစောမြင့်ဦးက ယခင်မူလရေကန်အဝင်လမ်းသည် မြေသားလမ်းဖြစ်ပြီး လမ်းအရှည် ငါးဖာလုံအား ၁၄ ပေအကျယ် ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် ခရီးသွားပြည်သူများ၊ ဒေသခံပြည်သူများအတွက် အသွားအလာအဆင်ပြေချောမွေ့သွားပြီဖြစ်ကြောင်း၊ ထွန့်ပတိုင်ရေကန်အဝင်လမ်းသည် ခရီးသွားပြည်သူများ အသွားအလာများသောနေရာတစ်ခုဖြစ်ပြီး ယခုကဲ့သို့ ကွန်ကရစ်လမ်းသစ်ကို ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ဒေသ၏ခရီးသွားလုပ်ငန်း တိုးတက်လာမည်ဖြစ်သည့်အပြင် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကရင်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ)က လမ်းနှင့်ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ကျေးလက်နေ ပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးခင်ဇော်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများအား လမ်းဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ စောဒန်နီယယ်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဦးမင်းသိန်း၏၊ ဒေါက်တာသက်သက်ခိုင်၊ ဦးစောထွန်းအောင်မြင့်နှင့် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးတို့သည် ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လမ်းအားဖြတ်သန်းကြည့်ရှုစစ်ဆေးကြကာ လမ်းဖွင့်ပွဲအခမ်းအနားတွင် လာရောက်သီဆိုကပြဖျော်ဖြေပေးကြသည့် ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယနေ့ဖွင့်လှစ်သည့် ကွန်ကရစ်လမ်းသစ်သည် အရှည် ငါးဖာလုံ၊ အကျယ် ၁၄ ပေရှိပြီး ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၁၉၄ ဒသမ ၅၅၅ သန်းဖြင့် Burma Palace ကုမ္ပဏီမှ တင်ဒါအောင်မြင်ဆောင်ရွက်ပြီးစီး၍ ယနေ့ဖွင့်ပွဲအခမ်းအနားကို ကျင်းပခြင်းဖြစ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များသည် ထွန့်ပတိုင်ကန်တော်မင်္ဂလာနှင့် ထွန့်ပတိုင်တံတားတို့ကို လှည့်လည်ကြည့်ရှုကြပြီး ထွန့်ပတိုင်(ထမ္မတိုင်) တောင်ခြေကျောက်သားနံရံ၌ မြတ်စွာဘုရားရှင်အား ရည်မှန်းပုံဖော်ထုဆစ်ထားသော နဂါးရုံဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များသည် ဘားအံမြို့နယ် နောင်လုံ(အရှေ့)ကျေးရွာ ကွင်းအမှတ် ၁၁၄၇ တောင်သူဦးမောင်ရိုန်၏ လယ် ငါးဧကအတွင်း ဆောင်းဆီထွက်သီးနှံ နေကြာမျိုးစေ့ပေးအပ်ခြင်းနှင့် အစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို တက်ရောက်အားပေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က စားနပ်ရိက္ခာဖူလုံရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍသည် အရေးကြီးသည့်အခန်းကဏ္ဍတွင် ပါဝင်နေပြီး အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်လိုကြောင်း၊ ယခုကဲ့သို့ မိုးစပါးအပြီးတွင် အခြားအလားအလာရှိသည့်သီးနှံများကို နှစ်သီးမှ သုံးသီးအထိ စိုက်ပျိုးထုတ်လုပ်မှသာလျှင် ဆန်၊ ဆီ၊ ပဲ ဖူလုံပိုလျှံပြီး ပြည်နယ်၏ စီးပွားရေး၊ လူမှုရေးသာယာဝပြောလာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း စားနပ်ရိက္ခာဖူလုံရေးနှင့် သီးနှံများတိုးမြှင့်ထုတ်လုပ်နိုင်ရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ရန် ပြည်နယ်၏လိုအပ်ချက်၊ တောင်သူလယ်သမားများ၏ လိုအပ်ချက်များကို ရှေးရှုပြီး အဘက်ဘက်မှ အားပေးကူညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြည်နယ်အတွင်း စိုက်ပျိုးထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ စောဒန်နီယယ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဆောင်းဆီထွက်သီးနှံနေကြာစိုက်ပျိုးကြမည့် အိန္ဒူ၊ လွန်းည၊ နောင်လုံ(အရှေ့)၊ နောင်လုံ(အနောက်)၊ အိန္ဒဲကျေးရွာများမှ တောင်သူများကို နေကြာမျိုးစေ့များ ထောက်ပံ့ပေးအပ်ရာ တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် ဆောင်းဆီထွက်သီးနှံ နေကြာအစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း လက်တွေ့သရုပ်ပြသမှုကို ကြည့်ရှုကြပြီး ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော တောင်သူပညာပေးပြခန်းငယ်များနှင့် သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာများကို တောင်သူများထံ ဈေးနှုန်းချိုသာစွာ ရောင်းချပေးနေသည့် အခြေအနေများကို ကြည့်ရှုအားပေးကြသည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယမန်နေ့ မွန်းလွဲပိုင်းက တောင်ကလေးပရိယတ္တိ ပဋိပတ္တိ သာသနာ့အေးရိပ်သာနာယကချုပ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တပညာသာမိ(တောမှီရဟန်း) အရှင်သူမြတ်အား သွားရောက်ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများအား လျှောက်ထားတင်ပြကာ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်မှ ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် ပြည်ပမှ စားသုံးဆီတင်သွင်းမှု လျှော့ချရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိ


နေပြည်တော် နိုဝင်ဘာ ၄

နိုင်ငံတော်မှ ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် ပြည်ပမှစားသုံးဆီတင်သွင်းမှု လျှော့ချရေးကို ဦးစားပေး ဆောင်ရွက်လျက်ရှိရာ ပြည်တွင်းဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

**ဆွေးနွေးမှာကြား**

မြန်မာနိုင်ငံ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့၏ (၃/၂၀၂၂-၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက တက်ရောက်ဆွေးနွေး မှာကြားသည်။





အစည်းအဝေးတွင် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အထောက်အကူပြုအဖွဲ့ လေးဖွဲ့မှ အဖွဲ့အလိုက် ဆောင်ရွက်မည့် လုပ်ငန်းတာဝန်များ၊ သတ်မှတ်ချက်များကို တင်ပြအတည်ပြုချက်ရယူရန်နှင့် အဖွဲ့ လေးဖွဲ့အနေဖြင့် တစ်ဖွဲ့နှင့်တစ်ဖွဲ့ အချိတ်အဆက်မိမိဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို မြန်ဆန်စွာ ညှိနှိုင်းဆောင်ရွက်သွားရန်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေး ချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့အတွင်းရေးမှူး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူက ချေးငွေမူဝါဒနှင့် ချေးငွေလုပ်ငန်းစဉ်များ ချမှတ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် မူဝါဒ၊ လုပ်ငန်းစဉ်၊ ချေးငွေဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များကိုလည်းကောင်း၊ ကျန်အထောက်အကူပြုအဖွဲ့များမှ ခေါင်းဆောင်များက သက်ဆိုင်ရာအဖွဲ့အလိုက် လုပ်ငန်းစဉ်နှင့် သတ်မှတ်ချက်များကိုလည်းကောင်း တင်ပြကြပြီး လုပ်ငန်းအဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြရာ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းအသင်းချုပ် (UMFCCI) နှင့် ဘဏ်များအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ဝန်ထမ်းများ ပျော်ရွှင်အပန်းပြေစေရန် လှည့်လည်ဖျော်ဖြေတင်ဆက်

**နေပြည်တော် နိုဝင်ဘာ ၄**

နိုင်ငံတော်အစိုးရ၏ ယန္တရားကောင်းမွန်စွာ လည်ပတ်နိုင်ရေးအတွက် ကျရာကဏ္ဍမှ တာဝန်သိစိတ်ဖြင့် ဆောင်ရွက်နေကြသည့် ဝန်ထမ်းများကို စိတ်လက်ပေါ့ပါးစွာ အပန်းဖြေပျော်ရွှင်မှုရရှိစေရန် ရည်ရွယ်ချက်ဖြင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ အားပေးမြှင့်တင်မှုတစ်ခုအဖြစ် တန်ဆောင်တိုင်ကာလနှင့် တိုက်ဆိုင်ကာ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ နိုင်ငံကျော်တေးသံရှင်များ၊ မြန်မာ့အသံမှ တေးသံရှင်များက နေပြည်တော်ရှိ ဝန်ကြီးဌာနများသို့ လှည့်လည်ဖျော်ဖြေလျက်ရှိသည်။



ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၌ နိုင်ငံကျော်အဆိုတော်များနှင့် မြန်မာ့အသံမှတေးသံရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်စဉ်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

အဆိုပါဖျော်ဖြေပွဲကို ယနေ့ မွန်းလွဲပိုင်းက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတွင် ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦးနှင့် တာဝန်ရှိသူများသည် နိုင်ငံကျော် အဆိုတော်များနှင့် မြန်မာ့အသံမှ တေးသံရှင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဖျော်ဖြေပွဲသို့ ဒုတိယစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၏ ဇနီးများ၊ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ခေတ်ပေါ် တေးဂီတအဖွဲ့နှင့် တွဲဖက်၍မြန်မာ့အသံမှတေးသံရှင်များက မြန်မာသံစဉ်တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများဖြင့် လည်းကောင်း၊ နိုင်ငံကျော်အဆိုတော် မြန်မာပြည်သိန်းတန်က "တစ်ပါးသူမနမ်းစေချင်"၊ "မန်းမြေမှာ လေးနှစ်တာ"၊ "ရန်ကုန်မှာ ပြန်တွေ့ကြမယ်"၊ " အန်ကယ် No "၊ "ကမ္ဘာ့အပြင်ဘက်"၊ "ရွှေသုန္ဒရီ"၊ "သောကတောင်တန်း"၊ "နှင်းပွင့်သစ္စာ"၊ "စနေထောင့်မှာ ပန်းလှူမယ်"၊ "ယောသူတို့ရွာ" တေးသီချင်းများဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ကြရာ ဝန်ထမ်းများနှင့် မိသားစုဝင်များ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။





သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၌ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အဥ္စလီအငြိမ့်အဖွဲ့ ကပြဖျော်ဖြေစဉ်။

**ကြည့်ရှုအားပေး**

ထို့အတူ ညနေပိုင်းတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၌ ဖျော်ဖြေပွဲကို ဆက်လက်ကျင်းပရာ ဖျော်ဖြေပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်နှင့်ဇနီး မိသားစုများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၏ ဇနီးများ၊ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေပွဲတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ခေတ်ပေါ် တေးဂီတအဖွဲ့နှင့်အတူ မြန်မာ့အသံမှ တေးသံရှင်များက မြန်မာသံစဉ်တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများဖြင့်လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ အဥ္စလီအငြိမ့်အဖွဲ့မှ ခေါင်းဆောင်မင်းသမီးမြတ်ဆုချယ်၊ ရှေ့ထွက်မင်းသမီး မြတ်သဇင်သင်း၊ လူရွှင်တော် စောမင်းနောင်၊ ဇော်မင်းထွန်း၊ လင်းဇော်နိုင်၊ ကျော်မင်းစိုး၊ မျိုးကျော်သူနှင့် စိုင်းစည်သူတို့က အငြိမ့်ကပြမှုဖြင့် လည်းကောင်း၊ နိုင်ငံကျော်အဆိုတော် မြန်မာပြည်သိန်းတန်က တေးသီချင်းများဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ကြရာ ဝန်ထမ်းများနှင့် မိသားစုဝင်များ ပျော်ရွှင်စွာကြည့်ရှုအားပေးကြသည်။

အဆိုပါ ဖျော်ဖြေရေး အစီအစဉ်ကို ကျန်ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်း အသီးသီးသို့လည်း ဆက်လက်သွားရောက်ပြီး ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## လှည်းကူးမြို့နယ်၌ အသိပညာပေးဟောပြောပွဲနှင့် ပြိုင်ပွဲများ ကျင်းပ

**လှည်းကူး နိုဝင်ဘာ ၄**

ရန်ကုန်တိုင်း ဒေသကြီး လှည်းကူးမြို့နယ်တွင် (၁၀၂) ကြိမ်မြောက် အမျိုးသားနေ့ အောင်ပွဲအထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် ပြိုင်ပွဲများကို ယမန်နေ့ နံနက် ၉ နာရီတွင် လှည်းကူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ လှည်းကူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးနွဲ့က အမျိုးသား အောင်ပွဲနေ့ ပေါ်ပေါက်လာပုံ၊ အမျိုးသား အောင်ပွဲနေ့နှင့် သက်ဆိုင်သည့် အကြောင်းအရာများကို အသိပညာပေးဟောပြောပြီးနောက် စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီဆွဲပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ ရန်ကင်း အခြေခံပညာ မူလတန်းလွန်ကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြင့်ဦး**



## သပိတ်ကျင်းတပ်နယ်မှ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား အခြေခံစားသောက်ကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချပေး

**သပိတ်ကျင်း နိုဝင်ဘာ ၄**

မန္တလေးတိုင်း ဒေသကြီး သပိတ်ကျင်းမြို့ အခြေခံပညာ အထက်တန်းကျောင်းတွင် ယနေ့ နံနက်ပိုင်းက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ သပိတ်ကျင်းတပ်နယ်မှ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား အခြေခံစားသောက်ကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် လာရောက်ရောင်းချပေးခဲ့ကြောင်း သိရသည်။

**ရောင်းချပေး**

ထိုသို့ ရောင်းချပေးရာတွင် သပိတ်ကျင်းတပ်နယ် တပ်မတော်သားများ၊ တာဝန်ခံအရာရှိများ၊ တပ်မတော်မိသားစုဝင်များက ဆန်အိတ် ၂၀၊ ဆီပိဿာ ၂၂၀၊ ကြက်သွန်နီ၊ အာလူး၊ ကုလားပဲ၊ ကြက်သားနှင့် ဟင်းသီးဟင်းရွက်များ၊ တပ်မတော်စက်ရုံထုတ် ပစ္စည်းများ စသည့်အခြေခံစားသောက်ကုန် ၁၆ မျိုးအား သပိတ်ကျင်းမြို့ပေါ်ရှိ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ စုစုပေါင်းလူဦးရေ ၃၀၀ ကျော်တို့အား ပြင်ပတွင် ရောင်းချသည့် ဈေးနှုန်းထက် သက်သာသည့်ဈေးနှုန်းများဖြင့် တတိယအကြိမ် ဆက်လက်ရောင်းချပေးလျက်ရှိရာ ပြည်သူများ လာရောက်ဝယ်ယူကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

# ပြည်ပရောက်မြန်မာနိုင်ငံသားများ၏ နိုင်ငံခြားငွေဖြင့်ရရှိသည့်လစာဝင်ငွေအား တရားဝင်လွှဲပြောင်းပေးပို့၍ အခွန်ဆိုင်ရာအကျိုးခံစားခွင့်များကို ရယူပါ

ပြည့်ဖြိုးအောင် (စီမံ/ဘဏ္ဍာ)

မိမိတို့မြန်မာနိုင်ငံမှ စင်ကာပူ၊ ကိုရီးယား၊ ထိုင်းနှင့် မလေးရှား အပါအဝင် ပြည်ပနိုင်ငံများသို့သွားရောက်၍ ဝမ်းရေးအတွက် အလုပ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများစွာရှိပါသည်။ ၎င်းတို့သည် ပြည်ပတွင် နိုင်ငံခြားငွေဖြင့် လုပ်ခလစာများရရှိကြပြီး အဆိုပါ လုပ်ခလစာဝင်ငွေကို ကိုယ့်နိုင်ငံသို့ တရားဝင်ဘဏ်လမ်းကြောင်းများမှတစ်ဆင့် ပြန်လည်လွှဲပြောင်းပေးပို့မှုများ ပြုလုပ်ကြရပါသည်။ ပြည်ပသို့သွားရောက်လုပ်ကိုင်နေသူများထံမှ ၎င်းတို့၏မိသားစုများထံသို့ လွှဲပို့ငွေ၊ မိခင်နိုင်ငံသို့ ပြန်လည်လွှဲပို့ငွေများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက နိုင်ငံတော်၏ နိုင်ငံခြားငွေရှာဖွေရေးအတွက် အထောက်အပံ့ဖြစ်စေပါသည်။

နိုင်ငံတော်အနေဖြင့် ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသော မြန်မာနိုင်ငံသားများ၏ နိုင်ငံခြားငွေဖြင့်ရရှိလာသည့် လစာဝင်ငွေနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအခွန်အကောက်ဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းကာ အကျိုးခံစားခွင့်များပေးအပ်ထားပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနက အများပြည်သူ အလွယ်တကူသိရှိနားလည်စေရန် အသိပေးကြေညာချက် ထုတ်ပြန်၍ ရှင်းလင်းထားပါသည်။ ပြည်ပရောက် မြန်မာနိုင်ငံသားများ အနေဖြင့် မိမိတို့၏ နိုင်ငံခြားငွေဖြင့်ရရှိလာသည့် လစာဝင်ငွေများကို နိုင်ငံအတွင်းသို့ဘဏ်များ (သို့မဟုတ်) တရားဝင်ငွေလွှဲခွင့်ရရှိထားသည့် လုပ်ငန်းများမှတစ်ဆင့် ပြန်လည်လွှဲပြောင်းပေးပို့ပြီးနောက် အဆိုပါ ငွေကြေးဖြင့် ပြည်တွင်း၌ အခြေပစ္စည်းများကို ဝယ်ယူခြင်းများ ပြုလုပ်သည့်အခါ ဝင်ငွေခွန်ထပ်မံပေးဆောင်ရန် မလိုအပ်တော့သည့် အခွန်လျှော့ပေါ့သက်သာခွင့်ရရှိနိုင်သော ဝင်ငွေရလမ်းအဖြစ်တင်ပြ၍ ပြန်လည်အသုံးပြုနိုင်မည်ဖြစ်ပါသည်။

**အခြေပစ္စည်းဆိုသည်မှာ**

အထက်တွင် ဖော်ပြထားသည့် ပြည်တွင်း၌ ဝယ်ယူနိုင်သော အခြေပစ္စည်းဟူသည့် စကားရပ်ကို ဝင်ငွေခွန်ဥပဒေ၊ ပုဒ်မ ၃(ထ) ၌ **"မြေ၊ အဆောက်အအုံနှင့် ယင်းတို့၏အခန်းများ၊ ယာဉ်နှင့်လုပ်ငန်းဆိုင်ရာ မတည်ပစ္စည်းများကို ဆိုလိုပါသည်။ ယင်းစကားရပ်တွင် အစုရှယ်ယာနှင့် ကတိခံဝန်ချုပ်တို့အပြင် ငွေချေးသက်သေခံလက်မှတ်များ၊ ယင်းတို့ကဲ့သို့သော အလားသဏ္ဍာန်တူစာချုပ်စာတမ်းများလည်း ပါဝင်သည်"** ဟု ပြဋ္ဌာန်းထားပါသည်။

ဆိုလိုသည်မှာ ပြည်ပနိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်နေသည့် ပြည်ပရောက် မြန်မာနိုင်ငံသားများအနေဖြင့် ပြည်ပတွင် မိမိတို့နိုင်ငံခြားငွေဖြင့်ရရှိသည့် လစာဝင်ငွေကို ပြည်တွင်းသို့ တရားဝင် ဘဏ်လမ်းကြောင်းများ သို့မဟုတ် ငွေလွှဲလုပ်ငန်းများမှတစ်ဆင့် လွှဲပြောင်းပေးပို့ပြီးနောက် အဆိုပါငွေကြေးဖြင့် ပြည်တွင်း၌ အထက်ကရှင်းလင်းချက်ပါ အခြေပစ္စည်းများဖြစ်သည့် မော်တော်ယာဉ်၊ အိမ်၊ တိုက်ခန်း၊ ခြံ၊ မြေ စသည်တို့ကိုဝယ်ယူခြင်း၊ တည်ဆောက်ခြင်းနှင့် အစုရှယ်ယာများအား ဝယ်ယူရင်းနှီးမြှုပ်နှံခြင်းတို့ကို ဆောင်ရွက်သည့်အခါတွင် တည်ဆဲဝင်ငွေခွန်ဥပဒေအရ ဝင်ငွေရလမ်းစိစစ်မှုခံယူပြီး ဝင်ငွေရလမ်းတင်ပြနိုင်ပါက ဝင်ငွေခွန်ထပ်မံပေးဆောင်ရန် မလိုအပ်တော့သည့် အခွန်ဆိုင်ရာအကျိုးခံစားခွင့်ရရှိနိုင်မည်ဟု ဆိုလိုခြင်းပင်ဖြစ်ပါသည်။

**လစာဝင်ငွေဆိုရာတွင်**

ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ၏ နိုင်ငံခြားငွေဖြင့်ရရှိသည့် လစာဝင်ငွေနှင့်စပ်လျဉ်း၍ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ၊ အခန်း (၇) - ဝင်ငွေခွန်၏ ပုဒ်မ-၂၂ တွင် "ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ **ပြည်ပနေနိုင်ငံသား၏ ကင်းလွတ်ခွင့်ရရှိသည့် ဝင်ငွေခေါင်းစဉ်မှအပ** နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်း ဝင်ငွေအပေါ် ၁၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်" ဟု ဖော်ပြပါရှိပါသည်။ အထက်ပြဋ္ဌာန်းချက်ပါ ပြည်ပနေနိုင်ငံသား၏ ကင်းလွတ်ခွင့်ရရှိသည့် ဝင်ငွေခေါင်းစဉ်ဆိုသည်မှာ လစာ၊ လုပ်ခ၊ နှစ်စဉ်ကြေး၊ ဆုကြေး၊ ချီးမြှင့်ငွေ၊ လစာနှင့် လုပ်ခအစား သို့မဟုတ် ယင်းတို့အပြင် ထပ်ဆောင်းရရှိသည့် အခကြေးငွေ၊ ကော်မရှင်တို့လည်း ပါဝင်ပါသည်။

**လစာဝင်ငွေအထောက်အထားများအား ထိန်းသိမ်းထားရှိရန် လိုအပ်**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနသည် ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၆ ရက်တွင် ပြည်ပရောက် မြန်မာနိုင်ငံသားများ၏ နိုင်ငံခြားငွေဖြင့်ရရှိသည့် လစာဝင်ငွေဆိုင်ရာ အထောက်အထားများကို အများပြည်သူသိရှိစေရန်အတွက် အသိပေးကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ပါသည်။ ပြည်ပရောက် မြန်မာနိုင်ငံသားများအနေဖြင့် ပြည်တွင်းသို့ နိုင်ငံရပ်ခြားရှိ ဘဏ်များမှတစ်ဆင့် လစာငွေများကို ပြန်လည်လွှဲပြောင်းပြီးသည့်အခါ လွှဲပြောင်းပေးပို့မှုဆိုင်ရာ အထောက်အထားများကို သိမ်းဆည်းထားရန် လိုအပ်မည်ဖြစ်၍ ပြည်တွင်း၌ အခွန်ဆိုင်ရာအကျိုးခံစားခွင့်ရရှိနိုင်ရန် တင်ပြလျှောက်ထားရာတွင် အောက်ဖော်ပြပါ သတ်မှတ်ချက်အချို့နှင့် ကိုက်ညီရမည်ဖြစ်ပါသည်။ အဆိုပါသတ်မှတ်ချက်များနှင့် ကိုက်ညီမှသာ အခွန်ဆိုင်ရာအကျိုးခံစားခွင့်များ ရရှိခံစားနိုင်မည်ကို

**✧ ပြည်တွင်း၌ အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်း၊ မော်တော်ယာဉ်၊ အစုရှယ်ယာများစသည့် အခြေပစ္စည်းများကို ဝယ်ယူ / တည်ဆောက် / ထည့်ဝင်ခြင်းများဆောင်ရွက်ရာတွင် ကုန်ကျငွေများအတွက် အထက်ဖော်ပြပါအထောက်အထားများကို မိမိတို့၏ ဝင်ငွေရလမ်းအဖြစ် သက်ဆိုင်ရာအခွန်ရုံးများ၌ ပူးတွဲတင်ပြလျှောက်ထားခြင်းအားဖြင့် နိုင်ငံတော်မှပေးအပ်ထားသော ဝင်ငွေခွန်ကင်းလွတ်သည့် အခွန်ဆိုင်ရာအကျိုးခံစားခွင့်ကို ရရှိခံစားနိုင်မည်**

**✧ ပြည်ပတွင် မိမိတို့အနေဖြင့် ပင်ပင်ပန်းပန်းလုပ်ကိုင်ဆောင်ရွက်၍ ရရှိလာသည့်နိုင်ငံခြားငွေဖြင့် ရရှိလာသောလုပ်ခလစာငွေအပေါ် နိုင်ငံတော်မှတရားဝင်ပေးအပ်ထားသည့် အခွန်ဆိုင်ရာအကျိုးခံစားခွင့်ကို သိရှိနားလည်ကာ အကျိုးရှိရှိအသုံးပြု**

သတိချပ်စေလိုပါသည်။ အဆိုပါအချက်များမှာ-

(က) ပြည်ပရောက်မြန်မာနိုင်ငံသား၏ ပြည်ပတွင် နိုင်ငံခြားငွေဖြင့် ရရှိသည့်လစာခေါင်းစဉ်မှဝင်ငွေဖြစ်ခြင်း၊
- (၁) နိုင်ငံကူးလက်မှတ် (မိတ္တူ)၊
- (၂) လစာဝင်ငွေရရှိခြင်းအထောက်အထား (မူရင်း) သို့မဟုတ် အခွန်ထမ်းဆောင်ထားသည့် အထောက်အထား (မူရင်း)၊
- (၃) ပြည်ပတွင် အလုပ်လုပ်ကိုင်ခဲ့သည့် အချိန်ကာလဆိုင်ရာအထောက်အထား (မူရင်း)၊
- (၄) ပြည်ပရှိ သက်ဆိုင်ရာကုမ္ပဏီမှ တရားဝင်ထုတ်ပေးထားသည့် လစာထုတ်ပေးမှုမှတ်တမ်း (မူရင်း)။

(ခ) ပြည်တွင်းသို့ငွေလွှဲပြောင်းပေးပို့ရာတွင် ဘဏ် (သို့မဟုတ်) တရားဝင်ငွေလွှဲခွင့်လိုင်စင်ရရှိထားသည့် လုပ်ငန်းများမှတစ်ဆင့် လွှဲပြောင်းပေးပို့မှုဖြစ်ခြင်း (သို့မဟုတ်) ကာယကံရှင်ကိုယ်တိုင် ပြည်ပမှပြန်လာစဉ် တစ်ပါတည်း ယူဆောင်လာခဲ့ခြင်း၊
- (၁) မြန်မာနိုင်ငံသို့ ငွေလွှဲပြောင်းပေးပို့ရာတွင် ဘဏ် (သို့မဟုတ်) တရားဝင်ငွေလွှဲခွင့်လိုင်စင်ရရှိထားသည့် လုပ်ငန်းများမှတစ်ဆင့် လွှဲပြောင်းပေးပို့မှုဖြစ်ပါက ယင်းလုပ်ငန်းများမှ ထုတ်ပေးသည့်ငွေလွှဲပို့မှု မှတ်တမ်း၊
- (၂) ကာယကံရှင်ကိုယ်တိုင် ပြည်ပမှ ပြန်လည်ဝင်ရောက်လာစဉ် တစ်ပါတည်းယူဆောင်ခဲ့ခြင်းဖြစ်ပါက တရားဝင်ငွေလွှဲခွင့်လိုင်စင်ရရှိထားသည့် နိုင်ငံခြားငွေလဲလှယ်ရေးကောင်တာများတွင် နိုင်ငံခြားငွေနှင့် မြန်မာငွေလဲလှယ်ထားသည့် အထောက်အထားနှင့် လေဆိပ်တွင် အသိပေးကြေညာထားသည့် အထောက်အထားများ။

(ဂ) အထက်ဖော်ပြပါအပိုဒ်ခွဲ (က) နှင့် (ခ) ပါအချက်များအတွက် သက်ဆိုင်သည့် အထောက်အထားများကို ပြည့်စုံစွာ တင်ပြနိုင်ခြင်း။

ပြည်ပရောက် မြန်မာနိုင်ငံသားများအနေဖြင့် မိမိတို့၏ အခွန်ဆိုင်ရာကင်းလွတ်ခွင့်ရရှိသော နိုင်ငံခြားငွေဖြင့်ရရှိသည့် လစာဝင်ငွေအပေါ် အကျိုးခံစားခွင့်များကို အပြည့်အဝရရှိခံစားနိုင်စေရန်အတွက် မြန်မာနိုင်ငံသို့ ငွေလွှဲပြောင်းပေးပို့ရာတွင် ဘဏ် (သို့မဟုတ်) တရားဝင်ငွေလွှဲခွင့် လိုင်စင်ရရှိထားသည့် လုပ်ငန်းများမှတစ်ဆင့် လွှဲပြောင်းပေးပို့ကြစေလိုပါသည်။ ပြည်ပတွင် နိုင်ငံခြားငွေဖြင့် လစာဝင်ငွေရရှိသည့်ကာယကံရှင်များအနေဖြင့် ၎င်းတို့ကိုယ်တိုင် ပြည်ပမှ မြန်မာနိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်လာစဉ် တစ်ပါတည်း ယူဆောင်လာခဲ့ခြင်းဖြစ်ပါက တရားဝင်နိုင်ငံခြားငွေလဲလှယ်ရေး ကောင်တာများ၌ လဲလှယ်ကြရန်လည်း လိုအပ်မည်ဖြစ်ပါသည်။ ထို့အပြင် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အသိပေးကြေညာထားသည့်အထောက်အထားများနှင့် သက်ဆိုင်ရာအထောက်အထားများကို စနစ်တကျသိမ်းဆည်းထားကြရန်လည်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အကျိုးခံစားခွင့်ကို ရယူပါ**

ပြည်တွင်း၌ အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်း၊ မော်တော်ယာဉ်၊ အစုရှယ်ယာများစသည့် အခြေပစ္စည်းများကို ဝယ်ယူ / တည်ဆောက် / ထည့်ဝင်ခြင်းများဆောင်ရွက်ရာတွင် ကုန်ကျငွေများအတွက် အထက်ဖော်ပြပါ အထောက်အထားများကို မိမိတို့၏ ဝင်ငွေရလမ်းအဖြစ် သက်ဆိုင်ရာအခွန်ရုံးများ၌ ပူးတွဲတင်ပြလျှောက်ထားခြင်းအားဖြင့် နိုင်ငံတော်မှပေးအပ်ထားသော ဝင်ငွေခွန်ကင်းလွတ်သည့် အခွန်ဆိုင်ရာ အကျိုးခံစားခွင့်ကို ရရှိခံစားနိုင်မည်ဖြစ်ပါသည်။

ပြည်ပတွင် မိမိတို့အနေဖြင့် ပင်ပင်ပန်းပန်း လုပ်ကိုင်ဆောင်ရွက်၍ ရရှိလာသည့်နိုင်ငံခြားငွေဖြင့် ရရှိလာသော လုပ်ခလစာငွေအပေါ် နိုင်ငံတော်မှ တရားဝင်ပေးအပ်ထားသည့် အခွန်ဆိုင်ရာအကျိုးခံစားခွင့်ကို သိရှိနားလည်ကာ အကျိုးရှိရှိအသုံးပြုနိုင်ကြစေရန် ရည်ရွယ်တင်ပြလိုက်ရပါသည်။ ။

**ကိုးကား-**

www.mopf.gov.mm

www.mol.gov.mm

www.ird.gov.mm

# ဓာတ်ခွဲနမူနာစုစုပေါင်း ၉၈၈၈ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၂၅ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
## (၄-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၄-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၈၈၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၂၅) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၂၆) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၄၅၀,၅၇၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၂,၁၃၉) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၁၈) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၆,၃၀၂) ဦးရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၄) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၁၅-၁၀-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများနှင့် သေဆုံးသူများ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူ စုစုပေါင်း၏ (၉၀.၄) ရာခိုင်နှုန်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း၏ (၈၀.၉) ရာခိုင်နှုန်းတို့မှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားခြင်း မရှိသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

နိုင်ငံတကာသုတေသနတွေ့ရှိချက်များအရလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။ သို့ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက် ပြည်သူများသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား မဖြစ်မနေ ထိုးနှံထားရှိရန် လိုအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်နှင့်အထက် ပြည်သူများအားလုံးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိသည့်အပြင် အသက် ၁၂ နှစ်မှ ၁၈ နှစ်အတွင်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးလျက်ရှိရာ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

| ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများ | ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသူ | ကိုဗစ်-၁၉ ရောဂါ ကြောင့် သေဆုံးသူ |
|---|---|---|
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူနှင့် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားခြင်း မရှိသူ | ၉၀.၄ % | ၈၀.၉ % |

ကျန်းမာရေးဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၉၅၈၀၀၉၁ | ၉၇၀၇၅၉၀၃ | ၁၀၉၇၈၈၁ |
| ၂။ | အိန္ဒိယ | ၄၄၆၅၈၃၆၅ | ၄၄၁၁၂၁၈၁ | ၅၃၀၄၇၉ |
| ၃။ | ပြင်သစ် | ၃၆၈၉၀၆၂၆ | ၃၆၀၀၄၀၄၁ | ၁၅၇၁၉၉ |
| ၄။ | ဂျာမနီ | ၃၅၇၈၄၉၁၂ | ၃၄၃၄၀၇၀၀ | ၁၅၄၃၂၈ |
| ၅။ | ဘရာဇီး | ၃၄၈၈၇၅၀၅ | ၃၄၀၆၂၁၅၀ | ၆၈၈၃၁၆ |
| ၆။ | တောင်ကိုရီးယား | ၂၅၇၆၀၇၀၁ | ၂၅၁၀၂၂၅ | ၂၉၃၁၅ |
| ၇။ | ဗြိတိန် | ၂၃၈၉၈၄၈၉ | ၂၃၅၆၈၃၉၇ | ၁၉၃၆၇၃ |
| ၈။ | အီတလီ | ၂၃၅၃၁၀၂၃ | ၂၂၈၈၄၇၁၇ | ၁၇၉၁၀၁ |
| ၉။ | ဂျပန် | ၂၂၅၃၄၃၇၇ | ၂၀၅၀၉၇၄၂ | ၄၆၉၀၉ |
| ၁၀။ | ရုရှား | ၂၁၄၅၃၆၆၇ | ၂၀၈၄၁၇၇၉ | ၃၉၀၄၅၉ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၅၀၅၂၄၉ | ၁၀၆၀၄၃၈၁ | ၄၃၁၆၅ |
| ၂။ | အင်ဒိုနီးရှား | ၆၅၁၂၉၁၃ | ၆၃၁၉၉၉၀ | ၁၅၈၇၆၈ |
| ၃။ | မလေးရှား | ၄၉၁၄၅၅၇ | ၄၈၄၃၄၆၈ | ၃၆၄၈၀ |
| ၄။ | ထိုင်း | ၄၆၉၂၄၄၈ | ၄၆၄၉၅၀၉ | ၃၂၉၅၅ |
| ၅။ | ဖိလစ်ပိုင် | ၄၀၀၆၆၃၅ | ၃၉၂၄၀၆၄ | ၆၄၁၇၉ |
| ၆။ | စင်ကာပူ | ၂၁၁၅၆၂၁ | ၂၀၂၉၆၆၂ | ၁၆၈၃ |
| ၇။ | မြန်မာ | ၆၃၂၁၃၉ | ၆၀၆၃၀၂ | ၁၉၄၈၄ |
| ၈။ | ဘရူနိုင်း | ၂၄၁၀၄၄ | ၂၂၂၁၄၀ | ၂၂၅ |
| ၉။ | လာအို | ၂၁၆၂၆၅ | ၂၀၈၃၄၄ | ၇၅၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၉၉၅ | ၁၃၄၉၃၄ | ၃၀၅၆ |

## မောက်မယ်မြို့နယ်၌ ထက်/လယ်/မူကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

မောက်မယ် နိုဝင်ဘာ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ်၌ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၏ သင်ကြားသင်ယူမှု လုပ်ငန်းများ တိုးတက်ကောင်းမွန်လာစေရန်၊ အခြေခံပညာကျောင်းအုပ်ကြီးများ၏ စီမံခန့်ခွဲမှုနှင့် လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုတိုးတက်မြင့်မားစေရန် ရည်ရွယ်၍ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီကစတင်၍ မောက်မယ် အခြေခံပညာအထက်တန်းကျောင်း နှင်းဆီဆောင်ခန်းမ၌ ကျင်းပကြောင်း သိရသည်။



ရှေးဦးစွာ နေပြည်တော်သို့ သင်တန်းတက်ရောက်လာသော မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းနွယ်က အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးသက်ရောက်မှုများကို ရှင်းလင်းဆွေးနွေးပြောကြားကာ အခြေခံပညာဦးစီးဌာန၏ စီမံ၊ ဘဏ္ဍာ၊ ပညာ၊ စီမံကိန်းစာရင်းအင်းလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

### သင်ကြားပို့ချသွားမည်

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ မြို့နယ်အတွင်းရှိအထက်တန်းကျောင်းအုပ်နှစ်ဦး၊ အလယ်တန်းကျောင်းအုပ်ငါးဦး၊ မူလတန်းကျောင်းအုပ် ၅၂ ဦး စုစုပေါင်း ၅၉ ဦး တက်ရောက်ဆွေးနွေးခဲ့ပြီး အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၄ ရက်နှင့် ၅ ရက် နှစ်ရက်တာ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ မြို့နယ်ပညာရေးမှူးက ဆွေးနွေးသင်ကြား ပို့ချသွားမည် ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

■

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၄

ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

## တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ လေးသောင်းကျော်ထပ်မံတွေ့ရှိ

ဆိုးလ် နိုဝင်ဘာ ၄

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၃၄၄၉ ဦး စစ်ဆေးတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၂၅၇၆၀၇၀၁ ဦးရှိပြီဖြစ်ကြောင်း ကျန်းမာရေး အာဏာပိုင်များက ဆိုသည်။

အဆိုပါရောဂါကူးစက်ခံရသူအရေအတွက်သည် အောက်တိုဘာ ၂ ရက်တွင် တွေ့ရှိသည့်အရေအတွက် ၄၆၈၉၆ ဦးထက် လျော့နည်းကြောင်း သိရသည်။

လွန်ခဲ့သော ရက်သတ္တပတ်အတွင်း ပျမ်းမျှနေ့စဉ် ကူးစက်မှုအရေအတွက်သည် ၄၁၉၆၇ ဦးရှိသည်။

ရောဂါထပ်မံကူးစက်ခံရသူများအနက် ၄၉ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး လက်ရှိတွင် ပြည်ပမှပြန်လည်ရောက်ရှိလာပြီး ရောဂါ တွေ့ရှိသူပေါင်း ၆၉၉၄၄ ဦးရှိကြောင်း သိရသည်။

ရောဂါပြင်းထန်စွာ ခံစားနေရသူပေါင်း ၃၀၄ ဦးရှိပြီး နိုဝင်ဘာ ၂ ရက်ကထက် ၁၄ ဦး လျော့နည်းလာကြောင်း သိရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ၃၄ ဦး ထပ်မံသေဆုံးသည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၂၉၃၁၅ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အောင်ကျော်ကျော်







## သီရိလင်္ကာနိုင်ငံ၌ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ ပထမဆုံးအကြိမ်တွေ့ရှိ

ကိုလံဘို နိုဝင်ဘာ ၄

သီရိလင်္ကာနိုင်ငံ၌ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူအား ပထမဆုံးအကြိမ် ယနေ့စစ်ဆေး တွေ့ရှိခဲ့ကြောင်း သတင်းများအရ သိရသည်။

အဆိုပါရောဂါကူးစက်ခံရသူသည် အသက် ၂၀ အရွယ်လူငယ်တစ်ဦးဖြစ်ပြီး ဒူဘိုင်းနိုင်ငံမှ နိုဝင်ဘာ ၁ ရက်တွင် ပြန်လည်ရောက်ရှိလာသူဖြစ်သည်။ ၎င်းအား ကိုလံဘိုမြို့အပြင်ဘက်ရှိ ကူးစက်ရောဂါဆေးရုံ၌ ဆေးဝါးကုသမှုခံယူရန် ပို့ဆောင်ထားကြောင်း သိရသည်။

ထို့ပြင် အဆိုပါရောဂါကူးစက်ခံရသူနှင့် အနီးကပ်ထိတွေ့ခဲ့သည့် ခရီးသည်များအား လိုက်လံစုံစမ်းကာ ဆေးစစ်မှုများ ဆောင်ရွက်လျက်ရှိသည်။

ရောဂါကူးစက်မှုများ လျော့နည်းစေရန်အတွက် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများအား ရောဂါရှိ၊ မရှိ စစ်ဆေးမှုများကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အောင်ကျော်ကျော်

## ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်းရှိ ခိုင်ဘာပတ်တွန်ခွါပြည်နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင့်မြှင့်တင်ရေး အာရှဖွံ့ဖြိုးရေးဘဏ်က ချေးငွေပေးအပ်

အစ္စလာမ္မာဘတ် နိုဝင်ဘာ ၄

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ ခိုင်ဘာပတ်တွန်ခွာပြည်နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင့်မြှင့်လာစေရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်က ချေးငွေအမေရိကန်ဒေါ်လာ သန်း ၁၀၀ ပေးအပ်ခြင်းဆိုင်ရာ လက်မှတ်ရေးထိုးပွဲကို နိုဝင်ဘာ ၄ ရက်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအစီအစဉ်အရ ပြည်နယ်အတွင်းရှိ ဒုတိယတန်းစားဆေးရုံများတွင် ခေတ်မီဆေးပစ္စည်းကိရိယာများ ပံ့ပိုးနိုင်မည်ဖြစ်ပြီး ဆေးကုသရေးဆိုင်ရာ လူသားအရင်းအမြစ်များ မွေးထုတ်ခြင်းအပါအဝင် ဆေးထောက်ပံ့ရေးစနစ်များကို အဆင့်မြှင့်လာစေရေး ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း စီးပွားရေးရာဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိအချိန်တွင် ခိုင်ဘာပတ်တွန်ခွာပြည်နယ်၌ တည်ရှိသည့် ဒုတိယတန်းစား ဆေးရုံ ၃၃ ရုံကို အရည်အသွေးမြင့်မားသည့် ဆေးပစ္စည်းကိရိယာများ ထောက်ပံ့ခြင်းအပါအဝင် ဆေးကုသရေးဆိုင်ရာပညာရှင်များ၊ ဆေးဘက်ဆိုင်ရာပညာရှင်များနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ထမ်းများ ခန့်အပ်ရေးတို့ကို အဆိုပါချေးငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် အဆိုပါဆေးရုံများရှိ လူနာများ၏ ဆေးကုသမှုမှတ်တမ်းများအား အီလက်ထရွန်နစ်စနစ်ဖြင့် ထိန်းသိမ်းထားရှိရေးဆောင်ရွက်သွားမည်ဖြစ်သည်။ ယခုအာရှဖွံ့ဖြိုးရေးဘဏ်က ပေးအပ်သည့်ချေးငွေဖြင့် ဆောင်ရွက်သည့် ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်အရ ခိုင်ဘာပတ်တွန်ခွာပြည်နယ်အတွင်းရှိ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လိုအပ်သည့် ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးကင်းစကလေးငယ်များ သေဆုံးနှုန်းကို လျှော့ချပေးနိုင်မည်ဟု သိရသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ

## ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါကူးစက်မှုကြောင့် ၃၂ ဦး ထပ်မံသေဆုံး

မနီလာ နိုဝင်ဘာ ၄

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုကြောင့် ၃၂ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၄၂၁၁ဦးရှိကြောင်းဖိလစ်ပိုင်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၇၇၆ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၀၀၇၃၁၈ ဦး ရှိကြောင်း သိရသည်။

နေ့စဉ်ကူးစက်ခံရသူအရေအတွက် ၁၀၀၀ အောက်လျော့ကျလာသည်မှာ လေးရက်ဆက်တိုက်ရှိပြီဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံကျန်းမာရေးဝန်ကြီးဌာန၏ စစ်တမ်းများအရ သိရသည်။



လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၁၈၀၈၅ ဦးရှိသည်။ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၁၅၇ ဦးသည် မြို့တော်မနီလာမှဖြစ်သည်။

လက်ရှိအချိန်အထိ မြို့တော်မနီလာ၌ ရောဂါ ကူးစက်ခံရသူပေါင်း ၁၂၈၅၈၇၇ ဦး ရှိကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။

လက်ရှိအချိန်အထိ ပြည်သူ ၇၃ ဒသမ ၅ သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ပြည်သူ သန်း ၁၁၀ ဝန်းကျင်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၃၂ ဒသမ ၅ သန်းကျော်အား ကိုဗစ်–၁၉ ရောဂါကူးစက်မှု ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အောင်ကျော်ကျော်

## အာဖရိကဒေသတွင် ရောဂါပိုးမွှားများပျံ့နှံ့မှု များပြားလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှုတို့အကြား ဆက်စပ်နေဟု ကျန်းမာရေးပညာရှင်များပြောကြား

နိုင်ရိုဘီ နိုဝင်ဘာ ၄

အာဖရိကဒေသတွင် ရောဂါပိုးမွှားများပျံ့နှံ့မှု များပြားလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှုတို့အကြား ဆက်စပ်နေသည်ကို တွေ့ရှိရကြောင်း အာဖရိကဒေသရှိ ကျန်းမာရေးပညာရှင်များက ပြောကြားသည်။

ယခုနှစ်အတွင်း အာဖရိကဒေသရှိနိုင်ငံအများအပြားတွင် အီဘိုလာရောဂါနှင့် ဝမ်းရောဂါတို့ ကူးစက်မှုမြင့်တက်ခြင်းနှင့် ဒေသတွင်း ရာသီဥတုပြောင်းလဲမှုတို့ တိုက်ရိုက်ဆက်စပ်နေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ယူဂန္ဓာနိုင်ငံ အီဘိုလာရောဂါတိုက်ဖျက်ရေးလုပ်ငန်းမှ မန်နေဂျာ ပက်ထရစ် အိုတင်က ပြောကြားသည်။

၂၀၀၀ ပြည့်နှစ်မှ လက်ရှိအချိန်အထိ အာဖရိကဒေသတွင် အီဘိုလာရောဂါကူးစက်မှု ၃၂ ကြိမ်တွေ့ရှိရကြောင်း ၎င်းကပြောကြားသည်။

ယင်းအီဘိုလာရောဂါကူးစက်မှုများသည် ပြီးခဲ့သည့်ငါးနှစ်တာကာလအတွင်း အာဖရိကဒေသ၌ မိုးခေါင်မှု၊ ရေကြီးမှုများဖြစ်ပွားသည့် အချိန်နှင့် အပူချိန်မြင့်တက်လာချိန်တွင် သိသိသာသာမြင့်တက်လာသည်ကို တွေ့ရှိရကြောင်း ၎င်းကပြောကြားသည်။

ထိုကဲ့သို့ ရာသီဥတုအခြေအနေများ ပြောင်းလဲလာမှုကြောင့် အီဘိုလာရောဂါကူးစက်မှု၏ ဇာစ်မြစ်ဖြစ်သည့်လင်းနို့များသည် လူသားများနှင့်နီးစပ်သည့်နေရာဒေသများသို့ ပြောင်းရွှေ့လာရာမှ အီဘိုလာရောဂါကူးစက်မှုများမြင့်တက်လာကြောင်း ၎င်းကပြောကြားသည်။

ယူဂန္ဓာနိုင်ငံတွင် လက်ရှိအချိန်၌ အီဘိုလာရောဂါကူးစက်ခံရသူ ၁၃၁ ဦးရှိပြီး အဆိုပါရောဂါကြောင့် ၄၁ ဦးသေဆုံးခဲ့သည်။ မာလာဝီနိုင်ငံ၌လည်း ရေကြီးရေလျှံမှုများမှတစ်ဆင့် ကာလဝမ်းရောဂါကူးစက်မှုများ မြင့်တက်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

အာဖရိကဒေသတွင်းနိုင်ငံများရှိ အစိုးရများအနေဖြင့် ရာသီဥတုပြောင်းလဲမှုကြောင့်ပေါ်ပေါက်လာသည့် ကူးစက်ရောဂါများကို တိုက်ဖျက်ရေးအတွက် ဘတ်ဂျက်ပိုမိုသုံးစွဲသင့်ကြောင်း တောင်ဆူဒန်နိုင်ငံကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဂျွန်ရူမူနူက ပြောကြားသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (၄)ရပ်ကွက်နေ ရဲထက်ပိုင်(ခ) ရွှေအိုးစည်သည် ၎င်းအသုံးပြုသည့် “Ye Htet Paing” Facebook အကောင့်၊ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥဩချောင်ရပ်ကွက်နေ ထက်ဇော်လင်း(ခ) ရားရားသည် ၎င်းအသုံးပြုသည့် “Htet Zaw Linn” Facebook အကောင့်၊ ပြင်ဦးလွင်မြို့နယ် မိုးကြိုး(မြောက်)ကျေးရွာနေ သီတာခိုင်(ခ) အေးခိုင်(ခ) အေးအေးခိုင်သည် ၎င်းအသုံးပြုသည့် “Aye Khaing” Facebook အကောင့်နှင့် သပိတ်ကျင်းမြို့နယ် ဆိပ်ကမ်းရပ်ကွက်နေ ကျော်ဇင်သန့် (ခ) ဖိုးဇင်သည် ၎င်းအသုံးပြုသည့် “Kyaw Zin Thant” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဗထူးရပ်ကွက်နေ ကောင်းခန့်စံ(ခ) စိုးအာကာသည် ၎င်းအသုံးပြုသည့် “Kaung Khant San” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ စက်ဆီ/ချောဆီ၊ လုပ်ငန်းသုံးပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ အီလက်ထရွန်နစ်ပစ္စည်းနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၄**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများ၏ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ထီးတန်းဆိပ်ကမ်း ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသည့် မီးကြိုးခွေ ကီလိုဂရမ် ၁၁၄၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၀၀၀၀၀)ကို လည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသည့် Remote Control Toy Car ၄၉၆ ခုနှင့် Remote Control Drone ၆၄ ခု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၂၀၀၀၀)ကို လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၆၂၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု။

**သိမ်းဆည်းရမိ**

အလားတူ နိုဝင်ဘာ ၃ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများ၏ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသည့် သိုးမွေးအထည်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၄၄၈၂၀၀) ကိုလည်းကောင်း၊ မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း (သီလဝါ)၌ ကုန်သေတ္တာသုံးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်နှင့် ကွဲလွဲတင်သွင်းလာသည့် JOCKEY တံဆိပ် ချောဆီ လီတာ ၇၈၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၄၇၇၃၄၅)ကို လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၈၉၂၅၅၄၅) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မုံရွာမြို့နယ်အတွင်း Jialing အမျိုးအစား လိုင်စင်မဲ့ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀) ကိုလည်းကောင်း၊ စစ်ကိုင်းမြို့နယ်အတွင်း Thai Anbo အမျိုးအစား လိုင်စင်မဲ့ ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀) နှင့် လိုင်စင်မဲ့ Jing Gong အမျိုးအစား ၂၂ ဘီးတွဲယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀)ကို လည်းကောင်း၊ အရာတော်မြို့နယ်အတွင်း LEXUS အမျိုးအစား လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀) ကိုလည်းကောင်း၊ ရွှေဘို-မြစ်ကြီးနားကားလမ်း ပူးပေါင်းစစ်ဆေးရေးဂိတ်၌ Honda Stream အမျိုးအစား လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၄၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ရေအပူပေးစက် ၂၉ လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုဝင်ဘာ ၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင် ရေတာရှည်မြို့နယ် ရိုးမကြိုးပြင်ကာကွယ်တောအတွင်း တရားမဝင်သစ်မျိုးစုံ သုညဒသမ ၇၁၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၆၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၂ ရက်၊ ၃ ရက်နှင့် ၄ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၈၂၀၆၁၄၅) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# မော်လမြိုင်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ဆီဆိုင်မြို့နယ်နှင့် နောင်ချိုမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၄**

မော်လမြိုင်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ဆီဆိုင်မြို့နယ်နှင့် နောင်ချိုမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၃ ရက် ည ၈ နာရီတွင် မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက် ရွက်လှလမ်းပေါ်တွင် အောင်ဇေလင်းမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၄၀၀ ကိုလည်းကောင်း၊ ယင်းနေ့ နံနက် ၆ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ဥက္ကလာပမြို့နယ် အမှတ်(၄)ရပ်ကွက်ရှိ မြင့်ဟန်(ခ) ပြောင်ကြီး၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၊ ဆေးခြောက် သုည ဒသမ ၀၅ ကီလို၊ အိုက်စ် သုည ဒသမ ၀၀၂ ကီလိုနှင့် ဘိန်းဖြူ သုည ဒသမ ၀၁၀၃ ကီလိုတို့ကို လည်းကောင်း။

အလားတူ နိုဝင်ဘာ ၂ ရက် မွန်းလွဲ ၂ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဆီဆိုင်မြို့နယ် ပါလောပါကယ်ကျေးရွာအုပ်စု တောင်းတီကျေးရွာနေ ထွက်ရွှေ၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀၀ ကိုလည်းကောင်း၊ ထို့အတူ နိုဝင်ဘာ ၃ ရက် နံနက် ၈ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ် ကုန်းစံကျေးရွာအုပ်စု ဂုတ်ထိပ်ကျေးရွာအနီးတွင် ယာဉ်မောင်း(စိစစ်ဆဲ) မောင်းနှင်လာသည့် LANDCRUISER အမျိုးအစားမော်တော်ယာဉ်အား စစ်ဆေးရန်ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ ကုန်းစံကျေးရွာအုပ်စု နားမွန်ကျေးရွာအနီးအရောက်၌ ယာဉ်အား လမ်းဘေးမြောင်းအတွင်း တိမ်းမှောက်နေသည်ကို တွေ့ရှိရပြီး ယာဉ်မောင်းမှာ ထွက်ပြေးသွားကြောင်းနှင့် ယာဉ်ပေါ်ရှိ ဆာလာအိတ်များအတွင်းမှ ဘိန်းဖြူ ၄၄ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၈၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။



သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများအား တွေ့ရစဉ်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေရယူထားသူများအနေဖြင့် ချေးငွေကာလ သက်တမ်း (၂) နှစ် စေ့ရောက်သည့်နေ့မှစ၍ နောက်ထပ် (၁) နှစ် ထပ်မံသက်တမ်းတိုးမြှင့်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်
ကုစားရေးလုပ်ငန်းကော်မတီ
သတင်းထုတ်ပြန်ချက် ( ၃/ ၂၀၂၂)
၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်

**ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေရယူထားသူများအနေဖြင့် ချေးငွေကာလ သက်တမ်း (၂) နှစ် စေ့ရောက်သည့်နေ့မှစ၍ နောက်ထပ် (၁) နှစ် ထပ်မံသက်တမ်းတိုးမြှင့်ပေးပါကြောင်း အသိပေးကြေညာခြင်း**

၁။ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီ၏တာဝန်များအနက်ကိုဗစ်-၁၉ကြောင့်စီးပွားရေးထိခိုက်မှုများကို ပြန်လည်ကုစားနိုင်ရေးအတွက် ထိခိုက်မှုအများဆုံးဖြစ်သည့် လုပ်ငန်းများအား ဦးစားပေးကဏ္ဍအလိုက် ကိုဗစ်-၁၉ ရန်ပုံငွေ ကျပ် ၂၀၀ ဘီလီယံမှ ကုမ္ပဏီ/ လုပ်ငန်း စုစုပေါင်း ၅,၉၉၀ ခု၊ ချေးငွေပမာဏ ကျပ် ၁၅၈.၄၄၃၈ ဘီလီယံကို ချေးငွေ သက်တမ်းတစ်နှစ် (အတိုးနှုန်း ၁ %) သတ်မှတ်ပြီး ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၉ ရက်နေ့မှစ၍ အောက်ပါ လုပ်ငန်းများအား ဦးစားပေးချေးငွေများ ခွင့်ပြုထုတ်ချေးပေးခဲ့ပါသည်-

(က) CMP လုပ်ငန်းများ၊
(ခ) ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ၊
(ဂ) အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ၊
(ဃ) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်း ထုတ်လုပ်သည့်လုပ်ငန်းများ၊
(င) ပြည်ပပို့ကုန် ထုတ်လုပ်သည့် ကုန်ထုတ်လုပ်ငန်းများ၊
(စ) သွင်းကုန် အစားထိုးပစ္စည်းထုတ်လုပ်သည့် ကုန်ထုတ်လုပ်ငန်းများ၊
(ဆ) ပြည်တွင်းထုတ်လုပ်မှုမှ ပြည်ပတင်ပို့သည်အထိ ထုတ်လုပ်မှုကွင်းဆက် (Supply Chain) တစ်လျှောက် ပါဝင်ဆောင်ရွက်သည့်လုပ်ငန်းများ၊
(ဇ) စားသောက်ကုန်ထုတ်လုပ်သည့် ကုန်ထုတ်လုပ်ငန်းများ၊
(ဈ) ပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းများ၊
(ည) အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းများ။

၂။ နိုင်ငံတော်အနေဖြင့် အဆိုပါ ချေးငွေထုတ်ပေးခဲ့သည့် ကုမ္ပဏီ/ လုပ်ငန်း ၅,၉၉၀ ခုကို ၂၀၂၁ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်ဖြင့် ချေးငွေပြန်ဆပ်ရန် ကာလအား ချေးငွေကာလ သက်တမ်းတစ်နှစ် စေ့ရောက်သည့်နေ့မှစ၍ ပထမအကြိမ်အဖြစ် (၆) လ သက်တမ်းတိုးမြှင့်ပေးပါကြောင်းနှင့် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့တွင် ချေးငွေပြန်ဆပ်ရန် ကာလကို ချေးငွေကာလ သက်တမ်း (၁) နှစ် (၆) လ စေ့ရောက်သည့်နေ့မှစ၍ ဒုတိယအကြိမ်အဖြစ် နောက်ထပ် (၆) လ ထပ်မံသက်တမ်းတိုးမြှင့်ပေးပါကြောင်း သတင်းထုတ်ပြန် ကြေညာခဲ့ပြီးဖြစ်သဖြင့် စုစုပေါင်းသက်တမ်း (၁) နှစ် တိုးပေးခဲ့ပြီး ဖြစ်ပါသည်။

၃။ ယခုအခါ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်မှုများ ထပ်မံရှိနေပြီး ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများ ငွေကြေးလည်ပတ်မှု အဆင်ပြေချောမွေ့စေရေးအတွက် ချေးငွေ ပြန်လည်ပေးဆပ်ရမည့်ကာလကို ချေးငွေပြန်လည်ပေးဆပ်ရန် ကာလစေ့ရောက်သည့်နေ့မှစ၍ နောက်ထပ် (၁) နှစ် ထပ်မံသက်တမ်းတိုးမြှင့်ပေးရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လမ်းညွှန်ခဲ့ပါသည်။

၄။ သို့ပါ၍ ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေရယူထားသည့် ကုမ္ပဏီ/ လုပ်ငန်း ၅,၉၉၀ ခု အနေဖြင့် အောက်ပါအခြေအနေများဖြင့် ကိုက်ညီသူများအား ချေးငွေပြန်ဆပ်ရန်ကာလကို ချေးငွေကာလ သက်တမ်း (၂) နှစ် စေ့ရောက်သည့်နေ့မှစ၍ နောက်ထပ် (၁) နှစ် ထပ်မံသက်တမ်းတိုးမြှင့်ပေးပါကြောင်း အသိပေး ကြေညာအပ်ပါသည်-

(က) ပထမနှစ်အတွက် ပထမအကြိမ် အတိုးများအား ပေးဆပ်ပြီး ဖြစ်ရပါမည်၊
(ခ) ဒုတိယနှစ်အတွက် ဒုတိယအကြိမ် အတိုးများအား ကာလပြည့်မီက ပေးဆပ်ပြီး ဖြစ်ရပါမည်၊
(ဂ) ချေးငွေအား ရည်ရွယ်ချက်အတိုင်း ထိရောက်အောင် ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီလုပ်ငန်း ဖြစ်ရပါမည်။

၅။ လုပ်ငန်းကော်မတီက ခွင့်ပြုခဲ့သည့် ချေးငွေထုတ်ယူခွင့်ပြုကြောင်း အကြောင်းကြားစာတွင် "ပြန်လည် ပေးဆပ်ရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်အရေးယူ ဆောင်ရွက်ခံရမည်ဖြစ်ပါကြောင်း" အသိပေးဖော်ပြပါရှိသဖြင့် မြန်မာ့စီးပွားရေးဘဏ်မှ ချေးငွေထုတ်ယူထားသည့် ကုမ္ပဏီ/ လုပ်ငန်းများ အနေဖြင့် ချေးငွေအရင်း၊ အတိုး ပြန်လည်ပေးဆပ်ရန် ပျက်ကွက်ပါက ချေးငွေသဘောတူစာချုပ်ပါအတိုင်း ဘဏ်လုပ်ထုံးလုပ်နည်းနှင့်အညီ တရားမကြောင်းအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် သက်တမ်းတိုးမြှင့်ရန် ခွင့်ပြုထားသည့်ကာလအတွင်း အပြီးသတ်အပြေအကျေပေးဆပ်ရန် အသိပေး ကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး**
**သက်ရောက်မှုများအပေါ်ကုစားရေးလုပ်ငန်းကော်မတီ**

## (၁၆) ကြိမ်မြောက် ပြင်ဦးလွင် တန်ဆောင်တိုင်ပွဲတော် ဖွင့်ပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပ



မန္တလေး နိုဝင်ဘာ ၄

၂၀၂၂ ခုနှစ် (၁၆)ကြိမ်မြောက် ပြင်ဦးလွင် တန်ဆောင်တိုင်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ၁၃၈၄ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၂ ရက် ယနေ့ညနေပိုင်း၌ ပြင်ဦးလွင်မြို့ ဓမ္မရတီကုန်းမြေပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသော မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားကြီး(ပြည်ချစ်ဘုရား)အနီးရှိ မီးပုံးပျံကွင်းအတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြင်ဦးလွင် ခရိုင်/မြို့နယ် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မီးပုံးပျံပညာရှင်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ဒေသခံ ပြည်သူများနှင့် ရပ်နီးရပ်ဝေးမှ ခရီးသွားဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းသား ကျောင်းသူလေးများက "ပြင်ဦးလွင်မီးပုံးပျံပွဲတော်" သီချင်းဖြင့် ဖျော်ဖြေကပြတင်ဆက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် ဖွင့်ပွဲအထိမ်းအမှတ် မီးပုံးပျံငယ်အလုံး ၁၀၀၀ လွှတ်တင်ခြင်း၊ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်း၊ ဖွင့်ပွဲအထိန်းအမှတ် စိန်နားပန်မီးပုံးပျံများ လွှတ်တင်ခဲ့သည်။

အဆိုပါ (၁၆)ကြိမ်မြောက် ပြင်ဦးလွင် တန်ဆောင်တိုင်ပွဲတော်ကို နိုဝင်ဘာ ၄ ရက်မှ ၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်ကာလအတွင်း ဘုရားရင်ပြင်တော်၌ မသိုးသင်္ကန်း ရက်ကန်းခတ်ပူဇော်ပွဲ ကျင်းပကာ တန်ဆောင်မုန်းလပြည့်နေ့ နံနက် ၅ နာရီတွင် ဗုဒ္ဓမြတ်စွာဘုရားအား မသိုးသင်္ကန်း ဆက်ကပ်ပူဇော်ခြင်း၊ တန်ဆောင်မုန်းလပြည့်နေ့ ညနေပိုင်းတွင် ဘုရားရင်ပြင်တော်၌ ဆီမီးကိုးထောင် ထွန်းညှိပူဇော်ခြင်း၊ ည ၇ နာရီမှစ၍ စိန်နားပန် မီးပုံးပျံများ၊ ညမီးကျည်မီးပုံးပျံများ လွှတ်တင်ခြင်း၊ မွန်းလွဲ ၁ နာရီမှစ၍ နေ့အရုပ်လှမီးပုံးပျံများ လွှတ်တင်ခြင်းများ ထည့်သွင်းယှဉ်ပြိုင်မည်ဖြစ်သည်။ ထို့ပြင် နိုဝင်ဘာ ၅ ရက်မှစတင်ကာ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ရိုးရာခြင်းအလှခတ်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲနှင့် ဖူဆယ်ပြိုင်ပွဲများကို မီးပုံးပျံကွင်းအတွင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ဆုရရှိသည့်အသင်းများကို ဆုများ ထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်သည်။

**ဧည့်ခံဖျော်ဖြေ**

ထို့အပြင် ပွဲတော်လာပြည်သူများကို မန္တလေး မြို့ကျက်သရေဆောင် မြို့မတူရိယာအဖွဲ့နှင့် ကျောက်ဆည်မြို့၏ ဆိုင်းအဖွဲ့များက ဧည့်ခံဖျော်ဖြေမည်ဖြစ်ပြီး အစားအသောက်နှင့် လိုအပ်သည့်ပစ္စည်းများ ဝယ်ယူနိုင်ရန်အတွက်လည်း စားစရာအစုံအလင်နှင့် လူသုံးကုန်ပစ္စည်းမျိုးစုံပါသည့် ဆိုင်ခန်းများ၊ ကုမ္ပဏီအရောင်းပြခန်းများကိုပါ ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## သာကေတမြို့နယ်၌ သတင်းမီဒီယာဆိုင်ရာ အသိပညာပေးဟောပြော



ရန်ကုန် နိုဝင်ဘာ ၄

ကျောင်းသားလူငယ်များ သတင်းအမှား သတင်းအမှန်ခွဲခြားသုံးသပ်နိုင်ရေးနှင့် အနာဂတ်ကာလအတွက် ထူးချွန်သော မျိုးဆက်သစ်လူငယ်များ ဖြစ်လာစေရေးနှင့် နိုင်ငံချစ်စိတ်မြင့်မားရေးတို့အတွက် ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့ ပူးပေါင်းဆောင်ရွက်သည့် အသိပညာပေးဟောပြောပွဲများကို အထက (၁) သာကေတတွင် နိုဝင်ဘာ ၁ ရက်၌လည်းကောင်း၊ အထက (၂) သာကေတတွင် နိုဝင်ဘာ ၂ ရက်၌လည်းကောင်း၊ အထက (၃) သာကေတတွင် နိုဝင်ဘာ ၃ ရက်၌လည်းကောင်း ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲများသို့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး)၊ ဦးအောင်ပြည့်စုံ (အောင်ပြည့်စုံ)၊ ဦးသက်နိုင်ဦး၊ ဒေါ်မြင့်မြင့်သိန်း (တက္ကသိုလ်မြမဥ္ဇူ) နှင့် ဦးနေလင်း (မောင်ချိုဝေ)တို့က ဆွေးနွေးဟောပြောခဲ့ကြပြီး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၈၅၀ ကျော် တက်ရောက်ခဲ့ကြသည်။

ထို့နောက် သတင်းမီဒီယာကောင်စီဥက္ကဋ္ဌက သတင်းမီဒီယာဆိုင်ရာနှင့် အခြားစာပေဗဟုသုတဖြစ်ဖွယ် သိမှတ်ဖွယ်ရာစာအုပ်များကို အမှတ်တရ လက်ဆောင်အဖြစ်ပေးအပ်ရာ သက်ဆိုင်ရာ ကျောင်းအုပ်ဆရာကြီးများက လက်ခံရယူပြီး ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၁၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၁၅ | ၂၁၆၀ | ၂၁၅၅ | ၂၁၂၀ | ၂၁၆၀ | ၂၁၈၀ | ၂၁၆၅ | ၂၁၄၅ | ၂၂၄၀ | ၂၂၅၅ | ၂၁၅၀ | ၂၁၆၀ | ၂၁၉၅ | ၂၁၉၅ | ၂၂၀၀ | ၂၄၂၀ | ၂၉၂၀ |
| 95 Ron | ၂၂၃၀ | ၂၂၇၅ | ၂၂၇၅ | ၂၂၄၀ | ၂၂၇၅ | ၂၂၉၅ | ၂၂၈၅ | ၂၂၆၀ | ၂၃၅၅ | ၂၃၇၀ | ၂၂၆၅ | ၂၂၈၅ | ၂၃၁၀ | ၂၃၁၀ | ၂၃၁၅ | ၂၅၃၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၆၅၀ | ၂၆၉၅ | ၂၆၉၀ | ၂၆၅၅ | ၂၆၉၅ | ၂၇၁၅ | ၂၇၁၀ | ၂၆၈၀ | ၂၇၉၅ | ၂၇၉၀ | ၂၆၈၅ | ၂၆၉၅ | ၂၇၃၀ | ၂၇၃၀ | ၂၇၃၅ | ၂၉၅၀ | ၃၆၄၀ |
| HSD (50 ppm) | ၂၇၂၀ | ၂၇၇၀ | ၂၇၆၅ | ၂၇၃၀ | ၂၇၆၅ | ၂၇၉၀ | ၂၇၈၅ | ၂၇၅၅ | ၂၈၇၀ | ၂၈၆၅ | ၂၇၆၀ | ၂၇၇၀ | ၂၈၀၅ | ၂၈၀၅ | ၂၈၀၅ | ၃၀၂၅ | ၃၆၇၀ |
| HSD (10 ppm) | ၂၇၂၀ | ၂၇၇၀ | ၂၇၆၅ | ၂၇၃၀ | ၂၇၆၅ | ၂၇၉၀ | ၂၇၈၅ | ၂၇၅၅ | ၂၈၇၀ | ၂၈၆၅ | ၂၇၆၀ | ၂၇၇၀ | ၂၈၀၅ | ၂၈၀၅ | ၂၈၀၅ | ၃၀၂၅ | ၃၆၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၁၃ | ၂၀၈၆ |
| 95 Ron | ၂၁၂၅ | ၂၂၀၁ |
| HSD (500 ppm) | ၂၅၃၁ | ၂၆၁၂ |
| HSD (50 ppm) | ၂၆၀၃ | ၂၆၈၄ |
| HSD (10 ppm) | ၂၆၀၃ | ၂၆၈၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## အနောက်တိုင်းဆေးရောနှောပြီး မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်ကြောင်း အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့ စစ်ဆေးရာတွင် ဈေးကွက်အတွင်းထပ်မံတွေ့ရှိရသော အာရှရွှေကြယ်အမှတ်တံဆိပ် အဆစ်အမျက်ရောင်ရောဂါသောက်ဆေးသည် ပင်ရင်းလိပ်စာဖော်ပြမထားခြင်း၊ အခြားဆေး၏ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်- TMR နံပါတ်အား ထည့်သွင်းအသုံးပြုထားခြင်း၊ ဓာတ်ခွဲစစ်ဆေးစမ်းသပ်ချက်အရ ဆေးထုပ်တွင်ဖော်ပြထားသော ဆင်တုံးမနွယ်၊ ကွမ်းရွက်နှင့် နနွင်းခါးမတွေ့ရှိခြင်း၊ ဆေးထုပ်တွင် ဖော်ပြမထားသော နံ့သာဖြူ၊ နံ့သာနီ၊ ခရေ၊ လေးညှင်း၊ ပဲနံ့သာ၊ ကွမ်းစားဂမုန်း၊ နွယ်ချိုကံ့ကော်ဝတ်ဆန်တို့ကို တွေ့ရှိရခြင်းနှင့် အနောက်တိုင်းဆေး Paracetamol ပါဝင်နေသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများ သုံးစွဲရန် မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ဖြန့်ချိဌာန | ရောနှောသည့် အနောက်တိုင်းဆေး |
|---|---|---|---|---|---|
| ၁။ | အာရှရွှေကြယ် | အဆစ်အမျက်ရောင် ရောဂါ သောက်ဆေး | ဆေးမှုန့်/ထုပ် | အာရှရွှေကြယ်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး | Paracetamol |
| ဘေးထွက်ဆိုးကျိုးအနေဖြင့် အသည်းထိခိုက်ပျက်စီးခြင်း၊ ကျောက်ကပ်ထိခိုက်ပျက်စီးခြင်းများ ဖြစ်စေနိုင်ပါသည်။ | | | | | |




၃။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝ (လုံးဝ)မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန



## ကျုံပျော်မြို့ မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှု ပြုလုပ်

ကျုံပျော် နိုဝင်ဘာ ၄

မီးလောင်မှုကြောင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရေးနှင့် စားရေရိက္ခာများ လေလွင့်ဆုံးရှုံးမှု မဖြစ်ပေါ်စေရေးအတွက် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့ မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုပြုလုပ်ခြင်းကို ယနေ့မွန်းလွဲ ၁ နာရီခွဲက ပြုလုပ်သည်။

ဇာတ်တိုက်လေ့ကျင့်မှုပြုလုပ်ရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်နိုင်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေယျမင်းနှင့် အဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးခင်မောင်သန်း၊ မီးသတ်ဦးစီးအရာရှိ ဦးအောင်စိန်ဘွင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့မဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူ ဈေးသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်မီးသတ်တပ်ဖွဲ့က မီးငြိမ်းသတ်မှုနည်းစနစ်များကို တက်ရောက်လာသူများအား ရှင်းလင်းပြောကြားပြီး အသေးစား မီးလောင်ကျွမ်းမှုများအား အဝတ်၊ ပုဆိုးတို့ဖြင့် အောက်ဆီဂျင်ဖြတ် မီးငြိမ်းသတ်နည်း၊ မီးသတ်ဆေးဘူးအသုံးပြု မီးငြိမ်းသတ်နည်းနှင့် အကြီးစားမီးလောင်ကျွမ်းမှုများအား မီးသတ်ယာဉ်သုံးစီး၊ ဈေးမီးသတ်စက်များအသုံးပြုကာ ရေဖြင့် မီးငြိမ်းသတ်နည်းတို့ကို လက်တွေ့ ဇာတ်တိုက်လေ့ကျင့်မှု ပြုလုပ်ကြသည်။

အဆိုပါ မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်များ၊ သုံးလက်မ မီးသတ်ရေပုံး ခုနစ်ခု၊ မီးသတ်ဆေးဘူး ၃၀ တို့ကို ဈေးဆိုင်ခန်းများ၌ လွယ်လင့်တကူ အသုံးပြုနိုင်ရန် အရန်သင့်စီစဉ်ထားရှိပြီး ဈေးအရန်မီးသတ်တပ်ဖွဲ့ကိုလည်း အဖွဲ့ဝင် ၁၁ ဦးဖြင့် ဈေးမီးဘေးလုံခြုံရေးအတွက် ဖွဲ့စည်းဆောင်ရွက်ထားကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ၂၀၂၃ ခုနှစ် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၄**

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ညနေပိုင်းတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ညွှန်ကြားချက်များနှင့်အညီ ကျင်းပရာ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင် တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းနှင့် ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင်က ဆပ်ကော်မတီအလိုက် ဆောင်ရွက်ရမည့်အချက်များအား တာဝန်ရှိသူများ၊ ဆပ်ကော်မတီများနှင့် ညှိနှိုင်းတိုင်ပင်၍ ဆောင်ရွက်သွားရန်နှင့် လိုအပ်ချက်များရှိပါက စီမံခန့်ခွဲမှုကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပြီး အခြေအနေ ပြောင်းလဲမှုများရှိခဲ့ပါက သက်ဆိုင်ရာဆပ်ကော်မတီများသို့ အချိန်မီ အကြောင်းကြားပေးသွားမည်ဖြစ်ပါကြောင်း၊ ဆပ်ကော်မတီများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် မူဝါဒကို အခြေခံပြီး စည်းမျဉ်း၊ စည်းကမ်းများ၊ ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ လုပ်ဆောင်သွားရန်ဖြစ်ပြီး (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသည် နိုင်ငံတော်၏ အခမ်းအနားဖြစ်သည့်အတွက် အစစအရာရာ ဂရုတစိုက်ဖြင့် လုပ်ငန်းများဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်က ကော်မတီ/ ဆပ်ကော်မတီများဖွဲ့စည်းထားရှိမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသည့် ဆပ်ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များက ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင်က နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးပြီးမြောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မှတ်တမ်းဗီဒီယိုရိုက်ကူးတည်းဖြတ်ခြင်း၊ မှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်း၊ သတင်းရေးသားခြင်းဆိုင်ရာသင်တန်း အမှတ်စဉ်(၂)သင်တန်းသားများ ဇေယျာသီရိမြို့နယ်ရှိ မြန်မာ့အလင်းနှင့်ကြေးမုံသတင်းစာတိုက်များသို့ လာရောက်လေ့လာ

**နေပြည်တော် နိုဝင်ဘာ ၄**

မှတ်တမ်း ဗီဒီယိုရိုက်ကူးတည်းဖြတ်ခြင်း၊ မှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်း၊သတင်းရေးသားခြင်းဆိုင်ရာ သင်တန်းအမှတ်စဉ်(၂) သင်တန်းသားများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတိုက်များသို့ နိုဝင်ဘာ ၄ ရက် မွန်းလွဲပိုင်းက လက်တွေ့လာရောက်လေ့လာကြသည်။

အဆိုပါ သင်တန်းသားများသည် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတိုက်များရှိ သတင်းခန်း စီမံခန့်ခွဲမှုပုံစံများ၊ သတင်းစုဆောင်းခြင်း၊ တည်းဖြတ်ခြင်း၊ စာမျက်နှာဖွဲ့ခြင်း၊ ပုံနှိပ်စီစဉ်ရေးလုပ်ငန်းအဆင့်ဆင့်နှင့် သတင်းစာ ပုံနှိပ်စက်ခန်းများအထိ သတင်းစာ ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်ကို လေ့လာကြရာ သတင်းစာတိုက်များမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ယခုသင်တန်းဖွင့်လှစ်ပို့ချမှုနှင့် ပတ်သက်၍ သင်တန်းသားတစ်ဦးဖြစ်သူ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဝန်ကြီးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စန်းဝင်းက “ဒီသင်တန်းမှာ ပထမငါးရက်သင်ခန်းစာမှာ ကင်မရာရှုထောင့်တွေ၊ သတင်းဗီဒီယို တည်းဖြတ်တဲ့ နည်းပညာတွေ၊ ဒုတိယပတ်မှာ သတင်းရေးသားခြင်း၊ သတင်းထုတ်ပြန်ခြင်းနဲ့ သတင်းစာ ရှင်းလင်းပွဲသတင်းတွေကို ဘယ်လိုရေးသား ထုတ်ပြန်လဲဆိုတာတွေကို ခွဲခြားပြီးတော့ သိခဲ့ရပါတယ်။ သတင်းမှန်ထုတ်ပြန်ရေးဟာ နိုင်ငံအတွက် အများကြီး အရေးပါပါတယ်။ ခုခေတ်ဆိုရင် ပိုပြီးတော့ အရေးပါလာပါတယ်။ အခုအချိန်မှာ လူတွေက ဖေ့စ်ဘွတ်ပဲ ကြည့်ကြတဲ့အတွက် အွန်လိုင်းမှာ သတင်းမှန်လား၊ သတင်းမှားလားဆိုတာ ခွဲခြားပြီးတော့မသိနိုင်ကြတော့ဘူး။ အဲဒီအတွက် သက်ဆိုင်ရာကနေ သတင်းမှန်ထုတ်ပြန်နိုင်ရေးဟာ အင်မတန်မှ အရေးပါပါတယ်။ ဒါကြောင့်မို့လို့ အခုလိုသင်တန်းမျိုးဟာ ကျွန်တော်တို့ ဝန်ကြီးဌာနအတွက်ရော ပြန်ကြားရေးဝန်ကြီးဌာန အတွက်ပါ အလွန်အကျိုးရှိတဲ့သင်တန်းဖြစ်ပါတယ်”ဟု ပြောသည်။



ယခုဖွင့်လှစ်သည့် မှတ်တမ်းဗီဒီယိုရိုက်ကူးတည်းဖြတ်ခြင်း၊ မှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်း၊ သတင်းရေးသားခြင်း ဆိုင်ရာ သင်တန်း အမှတ်စဉ်(၂) ကို နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းရုံးခန်းမ၌ အောက်တိုဘာ ၂၅ ရက်မှ နိုဝင်ဘာ ၁၁ ရက်အထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ သင်တန်းနည်းပြများက စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိရာ အဆိုပါ သင်တန်းသို့ နေပြည်တော်ရှိ ဝန်ကြီးဌာန ၁၂ ခုမှ သင်တန်းသား သင်တန်းသူ ၄၈ ဦး တက်ရောက် လေ့လာလျက်ရှိကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)**
**ဓာတ်ပုံ - သီဟစည်သူ**

## A.G.T.I ပထမနှစ် ဝင်ခွင့်လျှောက်လွှာများခေါ်ယူ

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**
**၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက်**
**A.G.T.I ပထမနှစ် ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း**
**ကြေညာချက်**

အစိုးရစက်မှုလက်မှုသိပ္ပံတို့တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ် သင်တန်းသားများကို ခေါ်ယူမည်ဖြစ်ပါသဖြင့် ဝင်ခွင့်လျှောက်လွှာများကို အစိုးရစက်မှုလက်မှုသိပ္ပံများ၌ (၅-၁၁-၂၀၂၂) ရက်တွင် စတင်ထုတ်ယူနိုင်ပြီး လျှောက်လွှာများကို (၂၀-၁၁-၂၀၂၂) ရက် နောက်ဆုံးထား၍ မိမိတို့တက်ရောက်လိုသည့် ကျောင်းသို့ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

**နည်းပညာ၊သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

## “လှပသာယာပြည်မြန်မာ”ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများစာရင်း ထုတ်ပြန်

**နေပြည်တော် နိုဝင်ဘာ ၄**

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် “လှပသာယာပြည်မြန်မာ” ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ ဖိတ်ခေါ်ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားရိုးရာအလှအပများ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ လွတ်လပ်ရေးကြိုးပမ်းမှုတွင် ထင်ရှားသည့် အမှတ်သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များ စသည့် လွတ်လပ်ရေး၏ အနှစ်သာရကို ဖော်ကျူးရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါဓာတ်ပုံပြိုင်ပွဲသို့ ပညာရှင် ၁၉၉ ဦးက ပြိုင်ပွဲဝင်ပို့စကတ်ပေါင်း ၇၅၁ ပုံ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပထမဆု စိုင်းထွန်းနေလှိုင်၊ ဒုတိယဆု ဦးမောင်မောင်လွင်(မုဒ္ဒုံ)၊ တတိယဆု ဒေါ်စန်းစန်းဝေတို့က ရရှိခဲ့ကြသည်။

အထူးဆုများအဖြစ် ဦးမောင်မောင်လွင်(မုဒ္ဒုံ)၊ မချိုသက်လင်း၊ ဦးဇော်ဖြိုးအောင်၊ ဦးကျော်မျိုးသီဟ၊ ဦးကျော်သူတို့က ဆုများရရှိခဲ့ကြသည်။ ဆုရရှိသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆုများ ထိုက်တန်စွာချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ဆုပေးပွဲကျင်းပမည့်ရက်အား ထပ်မံအသိပေးအကြောင်းကြားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## မှော်ဘီမြို့နယ်၌ မိုးစပါးစံပြကွက်ရိတ်သိမ်းပွဲကျင်းပ

**မှော်ဘီ နိုဝင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ခုနှစ် မိုးစပါး တစ်ဧက တင်း ၁၀၀ ကျော် အထွက်နှုန်းရရှိရေး ဧက ၃၀ ဒသမ ၀၀ စံပြကွက် ရိတ်သိမ်းခြင်းကို ယနေ့ နံနက် ၉ နာရီက ညောင်ကုန်းကျေးရွာအုပ်စု ကွင်းအမှတ် (၆၆၅) ဦးပိုင်အမှတ် (၄၃/၄၀) တောင်သူ ဦးသိန်းမြင့်၏လယ်၌ ကျင်းပသည်။

ထိုသို့ ရိတ်သိမ်းရာတွင် ဆင်းသုခ မိုးစပါးစိုက်ဧက ၃၀ ဒသမ ၀၀ မှ တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း အစို ၁၃၂ ဒသမ ၁၇ တင်း၊ အခြောက် ၁၁၈ ဒသမ ၉၅ တင်း ထွက်ရှိကြောင်းသိရသည်။

အဆိုပါ မိုးစပါးစံပြကွက် ရိတ်သိမ်းရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်နှင့် အဖွဲ့ဝင်များ၊ စိုက်ပျိုးရေး ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြေစာရင်းဦးစီးဌာနမှ ဒုတိယဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ညောင်ကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ဒေသခံတောင်သူ ၅၀ တက်ရောက်ခဲ့ကြောင်းသိရသည်။

**ညဏ်ဟိန်း**

# စာပေဆိုတာက ကမ္ဘာအဆုံးထိမြင်နိုင်တဲ့ အဝေးကြည့်မှန်ပြောင်း၊ နှလုံးသားခွန်အားတွေပေးနိုင်တဲ့ အကောင်းဆုံးအားဆေးပါလို့ ပြောချင်ပါတယ်၊ ဒါကြောင့် စာဖတ်ကြပါလို့ တိုက်တွန်းချင်ပါတယ်

ကိုထွန်း(ကျယ်ဂေါ်)

**ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ကြီးမှူးကျင်းပသည့် ၂၀၂၁ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဆုရရှိသောစာမူများနှင့် စာရေးဆရာများ၏အမည်စာရင်းကို စာပေဗိမာန်စာမူဆုစိစစ်ရွေးချယ်ရေးအဖွဲ့က ထုတ်ပြန်ကြေညာခဲ့ရာ ဆုရရှိသူများအား သွားရောက်တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်။**

**စာမူအမည်-ကြိုလင့်နေပါမြသီတာ**
**ကလောင်အမည်-ကိုထွန်း(ကျယ်ဂေါ်)**
**ဘာသာရပ်-ဝတ္ထုရှည်**
**ဆုအမျိုးအစား- စာပေဗိမာန်စာမူဆု (ပထမဆု)**

"တကယ်တော့ ပထမ ကျွန်တော်သန္ဓေတည်ခဲ့တာက ဝတ္ထုတိုပေါ့။ ဒါပေမဲ့ ကျွန်တော့်ရဲ့ဇာတ်အိမ်က ကျယ်တယ်။ ဝတ္ထုရှည်အဖြစ်နဲ့ ပြန်ပြင်ရေးပြီး လုံးချင်းစာအုပ်ထုတ်လိုက်ရင် စာဖတ်သူကို အကျိုးတစ်စုံတစ်ရာရနိုင်တယ်လို့ ယူဆပြီး လုံးချင်းဝတ္ထုရှည်အဖြစ် ဖန်တီးခဲ့တာပါ။ နောက်တော့ ကျွန်တော့်အတွေးက တစ်မျိုးဖြစ်လာတယ်။ ကျွန်တော့်ဝတ္ထုက နိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ပြိုင်ပွဲမှုနဲ့လည်း ကိုက်ညီတယ်လို့ ခံစားမိတာကြောင့် ပြိုင်ပွဲမှာတင်ခဲ့တာဖြစ်ပါတယ်။

ဒီစာမူဖြစ်မြောက်ဖို့ ကျွန်တော် သုံးနှစ်နီးပါးပြင်ဆင်ခဲ့ရတယ်။ ဝတ္ထုထဲက အဓိကဇာတ်ကောင်က **မြသီတာ**ပေါ့။ သူ့ရေသူ့မြေ၊ သူ့ကျေးရွာကို ချစ်တယ်။ သူ့ကျေးရွာဖွံ့ဖြိုးတိုးတက်ဖို့သာ အာရုံစိုက်ကြိုးပမ်းခဲ့တယ်။ လူငယ်ဆိုပေမယ့် ကိုယ်ကြိုးပွားချမ်းသာရေး၊ ကိုယ့်နှလုံးသားရေးကို ဦးစားမပေးဘူး။ အဓိကကတော့ ကိုယ့်ရေကိုယ့်မြေကိုသိပ်ချစ်တဲ့ လူငယ် မိန်းကလေးတစ်ယောက် အကြောင်းပါ။

စာပေခရီးနဲ့ပတ်သက်ပြီးပြောရရင် ငယ်စဉ်ကတည်းက စာပေကိုဝါသနာပါခဲ့တာပေါ့။ တကယ်ရေးဖြစ်တာက ၁၉၉၈ ခုနှစ်မှ စတင်ခဲ့တာ။ သတင်းဆောင်းပါးတွေရေးပြီး စတင်လှုပ်ရှားခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်မှာတော့ ကိုထွန်း(ကျယ်ဂေါ်) ဆိုတဲ့ ကလောင်အမည်တစ်ခုတည်းကိုပဲ အတည်တကျသုံးပြီး **အဲယားကွန်းမကောင်းရင် တံခါးဖွင့်မောင်းပါ** စာမူနဲ့ စာပေနယ်ထဲကို ခြေစုံပစ်ဝင်လာခဲ့တာပါ။ မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံမှာ ဆောင်းပါးတွေ၊ ကဗျာတွေရေးခဲ့တယ်။ ၂၀၁၆ ခုနှစ်မှာတော့ **ရွှေပြည်သာ မော်ကွန်းမဂ္ဂဇင်း**ကို အမှတ်စဉ် (၁)၊ (၂)၊ (၃) အထိ စီစဉ် / ထုတ်ဝေသူ(အယ်ဒီတာချုပ်)အဖြစ် တာဝန်ယူထုတ်ဝေခဲ့ပါတယ်။

၂၀၁၈ ခုနှစ် စက်တင်ဘာလမှာ ကဗျာပေါင်း ၁၀၇ ပုဒ်ပါတဲ့ **ကဗျာမဟုတ်တဲ့ကဗျာ**အမည်နဲ့ ကဗျာလုံးချင်းစာအုပ် ရေးသားထုတ်ဝေခဲ့တယ်။ ၂၀၁၈ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေစာကြည့်တိုက် စာအုပ်ဆုကို **အတိုင်းအတာမသိနိုင်းစရာမရှိသောမိဘမေတ္တာ** စာအုပ်နဲ့ စာကြည့်တိုက်ဆုရခဲ့တယ်။ ထုတ်ဝေခဲ့တဲ့စာအုပ်တွေကတော့ **ကဗျာမဟုတ်တဲ့ကဗျာ** (ကဗျာ)၊ **အတိုင်းအတာမသိနှိုင်းစရာမရှိသော မိဘမေတ္တာ**(လုံးချင်းဝတ္ထု)၊ **ဘယ်သူခွေးဇာတ်ခင်းတာလဲ** (ဝတ္ထုတိုပေါင်းချုပ်)၊ **ရင်ဘတ်နှစ်ခု၏ သင်္ဂါနဒီ** [နှစ်ယောက်တွဲ] (ကဗျာ)စာအုပ်တို့ ဖြစ်ပါတယ်။

အခုလိုစာပေဆုရတဲ့အတွက် ဝမ်းမြောက်ပီတိဖြစ်ရတာကတော့ ကျွန်တော့်ရဲ့ အရင်ဝတ္ထု ခေါင်းစဉ်လိုပါပဲ အတိုင်းအတာမသိ နှိုင်းစရာမရှိပေါ့ဗျာ။ ဆုရွေးချယ်ရေးအဖွဲ့နဲ့ ပြန်ကြားရေးဝန်ကြီးကို ကျေးဇူးအထူးတင်ပါကြောင်းပြောပါရစေခင်ဗျ။

ယနေ့ခေတ် လူငယ်တွေကိုပြောချင်တာက စာဖတ်ကြပါ။ စာပေဆိုတာက ကမ္ဘာအဆုံးထိ မြင်နိုင်တဲ့ အဝေးကြည့်မှန်ပြောင်း၊ နှလုံးသားခွန်အားတွေပေးနိုင်တဲ့ အကောင်းဆုံးအားဆေးပါလို့ ပြောချင်ပါတယ်။ ဒါကြောင့် စာဖတ်ကြပါလို့ တိုက်တွန်းချင်ပါတယ်"

ကိုထွန်း(ကျယ်ဂေါ်)ကို ၁၉၇၄ ခုနှစ်တွင် အဖ ဦးဇေယျာထွဋ်၊ အမိ ဒေါ်တင်တင်တို့က ရန်ကုန်တိုင်း အင်းစိန်မြို့နယ်တွင် မွေးဖွားခဲ့ပြီး မွေးချင်းငါးဦးအနက် တတိယမြောက်သားဖြစ်ကာ အမည်ရင်းမှာ ထွန်းထွန်းဝင်းဖြစ်သည်။ အခြေခံပညာအထက်တန်းထိ ပညာသင်ကြားခဲ့သည်။ ငယ်စဉ်ကတည်းက စာပေကိုဝါသနာပါ၍ ၁၉၉၈ ခုနှစ်မှ စတင်ကာ သတင်းဆောင်းပါးများ ရေးသားခဲ့သည်။ မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်း(ဗဟို) ပြည်ထောင်စုနယ်မြေ စာကြည့်တိုက်များ ဖောင်ဒေးရှင်း ဥက္ကဋ္ဌအဖြစ် စာပေတာဝန်ထမ်းဆောင်လျက်ရှိသည်။

ဆက်လက်၍ **ကဗျာချစ်သော နှလုံးသားနှင့် အက္ခရာကဗျာများ၊ ဆန်ရေလေးတစ်စက်၊ မကြာမည်လာမည်မျှော်**စသည်တို့ကို ထုတ်ဝေရန်စီစဉ်လျက်ရှိသည်။ ယခုအခါ စာပေရေးသားခြင်း၊ ထုတ်ဝေခြင်းများ ဆောင်ရွက်ရင်း မိသားစုနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်တွင် နေထိုင်လျက်ရှိသည်။



ကိုထွန်း(ကျယ်ဂေါ်)



နွေကုံကော်(မြို့လှ)

**ကလောင်အမည်-နွေကုံကော်(မြို့လှ)**
**စာမူအမည်-လူ့ဘဝခဏတာမြင့်မြတ်စွာလူဖြစ်ခိုက်မှာပေါ့**
**ဘာသာရပ်- လူငယ်စာပေ(စာပေဗိမာန်စာမူဆု၊ ပထမဆု)**
**စာမူအမည်- အတွေ့အကြုံအဖုံဖုံ ပြည်ပပညာတော်သင်မှတ်တမ်းစုံ**
**ဘာသာရပ်- စာပဒေသာ(စာပေဗိမာန်စာမူဆု၊ တတိယဆု)**

"ကျွန်တော့်အနေနဲ့ ဒီ ၂၀၂၁ ခုနှစ် စာပေဗိမာန်စာမူဆုမှာ လူငယ်စာပေ ပထမဆုနဲ့ စာပဒေသာ ဘာသာရပ်မှာ တတိယဆုတို့ ရရှိခဲ့ပါတယ်။ ၂၀၁၉ ခုနှစ်တုန်းက ဝတ္ထုရှည်ပထမဆု၊ ၂၀၂၀ မှာ လူငယ်စာပေ တတိယဆုတွေ ရခဲ့ဖူးပါတယ်။ ဒီနှစ်မှာတော့ လူငယ်စာပေပထမဆုကို ထပ်မံဆွတ်ခူးနိုင်ပြီး မထင်မှတ်ဘဲ တစ်နှစ်တည်း ဆုနှစ်ဆုရခဲ့တဲ့အတွက် အင်မတန်ဝမ်းသာမိပါတယ်။

လူငယ်စာပေနဲ့ပတ်သက်ပြီး အကြောင်းအရာ မထူးဆန်းပေမယ့် ကျွန်တော် ဖြတ်သန်းခဲ့တဲ့ ဘဝအမှန်ကိုပဲ အရိုးရှင်းဆုံးနဲ့ စာဖတ်သူတိုင်း စိတ်ပါဝင်စားမှုရှိအောင်ရေးသားတင်ပြခဲ့တာပါ။ စာဖတ်သူတိုင်း ဆိုတဲ့နေရာမှာ အဓိကကတော့ လူငယ်တွေပေါ့။ ဘဝလမ်းကို လျှောက်လှမ်းတဲ့နေရာမှာ လူတိုင်းဟာ သူ့ဟာနဲ့သူ မတူညီတဲ့အခက်အခဲ၊ အဆင်မပြေမှုမျိုးစုံနဲ့ ချီတက်နေရတာကို လူငယ်တွေသိနားလည်ပြီး အခက်အခဲကြားကနေပဲ ဘယ်လိုအောင်မြင်မှုရအောင် ထိုးဖောက်မလဲဆိုတာကို ရေးသားထားတာဖြစ်ပါတယ်။

လူငယ်တွေကို ဦးတည်တာဖြစ်တဲ့အတွက် လူငယ်တွေသိသင့်သိထိုက်တဲ့ ရိုးရာယဉ်ကျေးမှု အစဉ်အလာတွေ၊ ဓလေ့ထုံးတမ်းတွေနဲ့ ထားရှိအပ်တဲ့ ဟီရိဩတ္တပ္ပတရားတွေကို ဖတ်လို့မပျင်းရလေအောင် တတ်နိုင်သမျှ ကြိုးစားရေးသားပါတယ်။ အကဲဖြတ်ဆုပေးခဲ့ကြတဲ့ ဆုရွေးချယ်ရေးအဖွဲ့ဝင် ပညာရှင်တွေကို ကျွန်တော့်အနေနဲ့ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။

နောက်တစ်ဆုဖြစ်တဲ့ စာပဒေသာဆုကတော့ ကျွန်တော် ရုရှားနိုင်ငံမှာ ပညာသင်ခဲ့စဉ်တုန်းက ကြုံတွေ့ခဲ့ရတဲ့ဖြစ်ရပ်တွေကို မှတ်တမ်းသဖွယ်ပြုစုပြီး ရေးသားခဲ့တဲ့စာမူပါ။ သုံးနှစ်တာကာလအတွင်း ရုရှားနိုင်ငံသားတွေရဲ့ လူနေမှုစနစ်တွေ၊ အမျိုးသားရေးခံယူချက်တွေကို တွေ့ရှိခဲ့ရာကနေ ကိုယ့်နိုင်ငံရဲ့ သမိုင်းကြောင်းနဲ့ ချိန်ထိုးကြည့်ချင်လာပါတယ်။ နောက်နောင် ရုရှားကို အကြောင်းအမျိုးမျိုးနဲ့ သွားရောက်ကြမယ့်သူတွေအတွက်လည်း တစ်ထောင့်တစ်နေရာက အထောက်အကူပြုကောင်းပြုစေရဲ့ဆိုပြီး ဒီစာမူကို ရေးသားပြိုင်ပွဲဝင်ဖြစ်ခဲ့တာပါ။

ရုရှားနိုင်ငံဟာဆိုရင်လည်း တစ်ချိန်တုန်းက စစ်ဘေးစစ်ဒဏ်ကို နင့်နေအောင်ခံခဲ့ရပါတယ်။ ဒါပေမဲ့ မှန်ကန်တဲ့ ခေါင်းဆောင်တွေ၊ အမျိုးသားရေးခံယူချက်အားကောင်းတဲ့ ပြည်သူတွေရဲ့ စည်းလုံးညီညွတ်မှုကြောင့် ဒီနေ့မှာဆိုသူတို့ဟာ ကမ္ဘာ့အင်အားကြီးနိုင်ငံတစ်ခု ဖြစ်နေပါပြီ။ ကိုယ့်နိုင်ငံကျမှ နယ်ချဲ့လက်အောက်ကျရောက်ခဲ့ရပြီး အဆိုးတွေနဲ့ရင်ဆိုင်ခဲ့ရတယ်လို့ မမှတ်ဘဲ ရောက်ရာနေရာကနေ အားလုံးညီညွတ်ကြမယ်ဆိုရင် တစ်နေ့နေ့မှာ ဒေသတွင်းကနေ ကမ္ဘာ့တန်းဝင်နိုင်ငံတစ်ခု ဖြစ်လာမယ်ဆိုတဲ့မက်ဆေ့ကို ပေးချင်တာလည်း ပါပါတယ်။ စာပဒေသာစာမူဆုအတွက်လည်း အကဲဖြတ်ဆုရွေးချယ်ပေးခဲ့ကြတဲ့ ပညာရှင်အပေါင်းကို ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်ခင်ဗျာ။

စာရေးဆရာ နွေကုံကော်(မြို့လှ)ကို အဖ ဦးမောင်ကျော်၊ အမိ ဒေါ်အေးမြင့်တို့က ၁၉၈၇ ခုနှစ်တွင် ပဲခူးတိုင်း ရေတာရှည်မြို့နယ် မြို့လှမြို့ ကျွန်းပင်စုကျေးရွာ၌ မွေးဖွားခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် အထက(မြို့လှ)မှ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် စစ်တက္ကသိုလ်မှ ကွန်ပျူတာ သိပ္ပံဘွဲ့ရရှိခဲ့သည်။ ၂၀၀၉ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ရုရှားနိုင်ငံ မော်စကိုမီးရထားတက္ကသိုလ်တွင် ပညာသင်ကြားခဲ့ပြီး မဟာသိပ္ပံဘွဲ့ ရရှိခဲ့သည်။ ကလေးမြို့နှင့် မိုးနဲမြို့တို့တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် နေပြည်တော်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့သည်။

၂၀၁၆ ခုနှစ်ထုတ်ငွေတာရီမဂ္ဂဇင်းပါ "အမေ့ကိုသာအပြစ်တင်ပါ"ဝတ္ထုတိုဖြင့် စာပေနယ်သို့ စတင်ဝင်ရောက်ခဲ့သည်။ စာပေဗိမာန်စာမူဆုများအပြင် ပခုက္ကူဦးအုံးဖေစာပေဆု ဝတ္ထုရှည် တတိယဆု(၂၀၁၇)၊ (၇၅)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ်စာမူပြိုင်ပွဲ ဝတ္ထုရှည် တတိယ(၂၀၂၀)၊ (၇၆) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲ ဝတ္ထုရှည် နှစ်သိမ့်ဆု(၂၀၂၁) တို့ကို ရရှိခဲ့သည်။

ယခုအခါ မိသားစုနှင့်အတူ ထုတ်လုပ်ရေးတပ်(ပြည်သူ့ဆက်ဆံရေး) နေပြည်တော်တွင် တိုင်းပြည်တာဝန်များ ထမ်းဆောင်ရင်း စာပေများရေးသားလျက်ရှိကာ အမည်ရင်းမှာ ဗိုလ်ကြီး စိုးမိုးကျော်ဖြစ်သည်။

**တွေ့ဆုံမေးမြန်း-လင်းရာမ**
**ဓာတ်ပုံ-ကိုထက်**

# ဇီးကုန်းမြို့နယ်၌ အခြေခံပညာ ထက်၊ လယ်၊ မူ ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေး



**ဇီးကုန်း နိုဝင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်၌ အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့က ဇီးကုန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်ပညာရေးမှူး(ကိုယ်စား) ဒုတိယမြို့နယ်ပညာရေးမှူး ဦးရဲထွဋ်ဦးက မြို့နယ်အတွင်းရှိ စာသင်ကျောင်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်စေရေး ကျောင်းအုပ်ဆရာကြီး/ဆရာမကြီးများ၏ စီမံခန့်ခွဲမှုသည် အရေးပါသည့်အတွက် မိမိတို့၏ စွမ်းဆောင်ရည်ကို တိုးတက်မြင့်မားအောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ မြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများမှ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ကြီးများ စုစုပေါင်း ၁၀၄ ဦး တက်ရောက်ပြီး ပညာရေးဆိုင်ရာ၊ စီမံခန့်ခွဲမှု ဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာ ဘာသာရပ်များကို နိုဝင်ဘာ ၃ ရက်မှ ၄ ရက်အထိ နှစ်ရက်တာ ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဘွဲ့လွန်ပြတိုက်ပညာ ဒီပလိုမာသင်တန်းအမှတ်စဉ်(၁၉) သင်တန်းဆင်းပွဲနှင့် ပြတိုက်ဆိုင်ရာ လက်တွေ့ခင်းကျင်းမှုပြပွဲ ကျင်းပ



ရန်ကုန် နိုဝင်ဘာ ၄

ဘွဲ့လွန်ပြတိုက်ပညာ ဒီပလိုမာသင်တန်းကို ၂၀၀၂- ၂၀၀၃ ပညာသင်နှစ် နိုဝင်ဘာ ၂၆ ရက်မှ စတင်၍ အမှတ်စဉ်(၁)ဖွင့်လှစ်ခဲ့ရာ ယခု ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် အမှတ်စဉ် (၁၉)အထိရှိခဲ့ပြီး ဘွဲ့လွန်ပြတိုက်ပညာ ဒီပလိုမာရရှိပြီးသူ ၃၁၅ ဦးရှိပြီးဖြစ်ကြောင်း သိရသည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ဘွဲ့အပ်နှင်းသည့် ဘွဲ့လွန်ပြတိုက်ပညာ ဒီပလိုမာသင်တန်းအမှတ်စဉ်(၁၉)သင်တန်းဆင်းပွဲနှင့် ပြတိုက်ဆိုင်ရာ လက်တွေ့ခင်းကျင်းမှုပြပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်လမ်းရှိ အမျိုးသားပြတိုက်(ရန်ကုန်)ဘက်စုံခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် သင်တန်းသား သင်တန်းသူများက သင်တန်းနည်းပြ ဆရာကြီး ဆရာမကြီးများ၏ မေးမြန်းချက်များကို တစ်ဦးချင်းစီ ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများ၏ ဘွဲ့လွန်ပြတိုက်ပညာရပ်ဆိုင်ရာ လက်တွေ့ခင်းကျင်းမှု နည်းပညာဘာသာရပ်မှ ပြတိုက်ဆိုင်ရာ လက်တွေ့ခင်းကျင်းမှု Digital Museum Exhibition ပြပွဲကို ဆက်လက်ပြသရာ ပြကွက်(၁) Image AR Project၊ ပြကွက်(၂) AR Scanning Project၊ ပြကွက်(၃) Mirror Hologram Project၊ ပြကွက်(၄) Digital Kiosk for Touch Project၊ ပြကွက်(၅) QR Mobile Scanning Project၊ ပြကွက်(၆) Visual Tour Simulation စသည့် ပြကွက်များကို ခင်းကျင်းပြသထားရာ ကျောင်းသား ကျောင်းသူများ၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ချစ်မြတ်နိုးသူများ လာရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဘွဲ့လွန်ပြတိုက်ပညာ ဒီပလိုမာသင်တန်းကို မြန်မာနိုင်ငံရှိ ပြတိုက်ပညာရပ်ဆိုင်ရာ နည်းပညာများကို စိတ်ပါဝင်စားသည့် မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းပို့ချပေးရန်၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို စနစ်တကျစုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ ခင်းကျင်းပြသခြင်း၊ ပြတိုက်ပညာရပ်ဆိုင်ရာ ဈေးကွက်သုတေသနပြုခြင်း၊ ပညာပေးခြင်း စသည့် ပြတိုက်ပညာရပ်ဆိုင်ရာ နည်းပညာများကို စနစ်တကျ နားလည်တတ်မြောက်လာခြင်းဖြင့် ပြတိုက်များတွင် လက်တွေ့အသုံးချနိုင်ရန်၊ ပြတိုက်ပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီဂရီ၊ သင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်နိုင်ခြင်းဖြင့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘွဲ့လွန်ပြတိုက်ပညာဒီပလိုမာဘွဲ့ ရရှိသူများထဲမှ ထူးချွန်ပြီး သင်ကြားရေးတွင် စိတ်ပါဝင်စားသူများအား ပြတိုက်ပညာရပ်ဆိုင်ရာနည်းပြများအဖြစ် မွေးထုတ်ရန်နှင့် မြန်မာနိုင်ငံတွင် နောင်အနာဂတ်အတွက် ပြတိုက်ပညာရပ်ဆိုင်ရာ ပညာရှင်များ ပေါ်ထွက်လာခြင်းဖြင့် ပြတိုက်နယ်ပယ်တွင် ပညာရှင်မျိုးဆက်မပြတ်စေရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်သင်ကြား ပို့ချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုကိုဇော်(သတင်းစဉ်)**

## ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီးတွင် တန်ဆောင်တိုင်မီးထွန်းပူဇော်ပွဲ ကျင်းပမည်

ဇလွန် နိုဝင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန် မြတ်စွာဘုရားကြီးတွင် မသိုးသင်္ကန်းတော်မြတ် ရက်ချုပ်ကပ်လှူပူဇော်ပွဲနှင့် တန်ဆောင်တိုင်မီးထွန်းပူဇော်ပွဲကို တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့မှ လပြည့်ကျော် တစ်ရက်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့ ညတွင် မသိုးသင်္ကန်း ရက်ချုပ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပမည်ဖြစ်ပြီး မသိုးသင်္ကန်းတော်မြတ်ရက်ချုပ်ကပ်လှူပူဇော်ရာတွင် ကိန္နရီစင်တော်၊ သဗ္ဗူလစင်တော်၊ မယ်မဒ္ဒီစင်တော်၊ အမယာစင်တော်တို့မှ ရက်ချုပ်လှူဒါန်းထားသော မသိုးသင်္ကန်းတော်မြတ်အား တန်ဆောင်မုန်းလပြည့်နေ့ နံနက် ၄ နာရီတွင် မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီးအား ဆက်ကပ်ပူဇော်၍ ပြည်တော်ပြန်မြတ်စွာဘုရားကြီးအား သစ်သီးကိုးမျိုး၊ မုန့်ကိုးမျိုး၊ ပန်းများနှင့် ဆွမ်းတော်ကြီး ကပ်လှူပူဇော်မည်ဖြစ်ပြီး တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့မှ လပြည့်ကျော် တစ်ရက်နေ့အထိ လျှပ်စစ်ရောင်စုံမီးများ၊ ဆီမီးများဖြင့် ဆီမီးပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန် မြတ်စွာဘုရားကြီးနှင့် ဂန္ဓကုဋီတိုက်အတွင်းရှိ ရုပ်ပွားဆင်းတုတော်သုံးဆူတို့အား သက်တော်ထင်ရှား မြတ်စွာဘုရားအား ရည်မှန်း၍ မသိုးသင်္ကန်း ရက်လုပ်ပူဇော်ခဲ့သည်မှာ ယခု ၁၃၈၄ ခုနှစ်တွင် (၅၁)ကြိမ်မြောက်ရှိပြီဖြစ်ပြီး မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပွဲနှင့်အတူ တန်ဆောင်တိုင်မီးထွန်းပွဲတော်ကိုပါ ကျင်းပခဲ့သည်မှာ (၁၅)ကြိမ်ရှိပြီဖြစ်ကြောင်း အကျိုးတော်ဆောင်ဂေါပကအဖွဲ့ထံမှ သိရသည်။

**ငွေသန်း(ဇလွန်)**



## ပြင်ဦးလွင်မြို့၌ စီမံခန့်ခွဲမှုစွမ်းဆောင်ရည် မြင့်မားရေးအလုပ်ရုံ ဆွေးနွေးပွဲကျင်းပ

ပြင်ဦးလွင် နိုဝင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌ စီမံခန့်ခွဲမှုစွမ်းဆောင်ရည် မြင့်မားရေးအလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီက အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းရှိ ကံ့ကော်ခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းနွဲ့က အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားစေရန်နှင့် မိမိတာဝန်ယူရသောလုပ်ငန်းတွင် စည်းစနစ်ကျပြီး မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် လုပ်ဆောင်နိုင်ရန်အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်ပညာရေးမှူး၊ ဒုတိယမြို့နယ်ပညာရေးမှူး (စီမံ+ ဘဏ္ဍာ)နှင့် ဒုတိယမြို့နယ်ပညာရေးမှူး (ပညာ) တို့မှ မြန်မာ့ပညာရေးတိုးတက်စေရန်အတွက် စီမံ၊ ဘဏ္ဍာ၊ ပညာ၊ စီမံကိန်းစာရင်းအင်းမှတ်တမ်း၊ စီမံကိန်းများကြီးကြပ်အကဲဖြတ်၊ နယ်စပ်ဌာနများ၏ လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးပို့ချလျက်ရှိပြီး ပြင်ဦးလွင်မြို့နယ်အတွင်းရှိ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းအုပ်ဆရာ ဆရာမကြီး ၁၅၀ တက်ရောက်ကြကြောင်းနှင့် အလုပ်ရုံဆွေးနွေးပွဲအား နိုဝင်ဘာ ၃ ရက်မှ ၄ ရက်အထိ နှစ်ရက်တာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဒလမြို့နယ် အ.ထ.က(၂) အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

ဒလ နိုဝင်ဘာ ၄

ဒလမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီက ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကုမုဒြာခန်းမ၌ ကျင်းပခဲ့သည်။




ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစည်သူကျော်က အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်ပြီး မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်အေးက လူငယ်စကားဝိုင်း ကျင်းပရခြင်းကြောင့် ကျောင်းသား ကျောင်းသူများ လူငယ်စကားဝိုင်းမှ အသိပညာ၊ ဗဟုသုတများ ပိုမိုရရှိစေရန်၊ တစ်ဦးနှင့်တစ်ဦး အသိပညာ အတွေ့အကြုံ ဖလှယ်ဆွေးနွေးခြင်းဖြင့် လူငယ်အချင်းချင်း ရင်းနှီးမှုများ ရရှိစေမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ကျင်းပရာ ဒလမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာဝင်းက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူများက လူငယ်နှင့်စာပေ၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်ယဉ်ကျေးမှုခေါင်းစဉ်များဖြင့် အပြန်အလှန်ဆွေးနွေးကြပြီး အဆိုပါကျောင်းသား ကျောင်းသူများထဲမှ သိရှိလိုသည်များကို မေးမြန်းခဲ့ရာ ဦးဆောင် ဆွေးနွေးခဲ့သူများက ပြန်လည်ဖြေကြားခဲ့ကြသည်။

အဆိုပါ လူငယ်စကားဝိုင်းသို့ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပညာရေးစစ်ကြောင်းမှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာ ဆရာမကြီး၊ ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီးများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်းအင်အား ၁၅၀ တက်ရောက်ခဲ့ကြသည်။

ယနေ့ ကျင်းပသည့် လူငယ်စကားဝိုင်းဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲများ ခင်းကျင်းပြသထားရာ တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အင်းစိန်မြို့နယ်၌ (၃၄)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၄

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် အင်းစိန်မြို့နယ်၌(၃၄) နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းခြင်းကို ယနေ့နံနက် ၁၀ နာရီက အင်းစိန်မြို့နယ်ရှိ အထွေထွေရောဂါကုဆေးရုံကြီး (အင်းစိန်)၌လှူဒါန်းရာ အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထွဋ် ဦးဆောင်၍ ဝန်ထမ်းများက စုပေါင်းသွေးလှူဒါန်းခဲ့ကြပြီး သွေးလှူဒါန်းခဲ့ကြသည့် ဝန်ထမ်းများအား ကြက်ဥနှင့် အားဖြည့်အချိုရည်ဘူးများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် လှူဒါန်းခဲ့သည်များကို အထွေထွေရောဂါကုဆေးရုံကြီး (အင်းစိန်) ဆေးရုံအုပ်ကြီး ဒေါက်တာ ခင်သီရိမြင့်က လက်ခံရယူခဲ့ပြီး တာဝန်ရှိသူများအား ကျေးဇူးတင်စကားပြောကြား၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြင့်ဦး**



မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

## Grade 6

ယခင်အပတ်က Unit 5 Lesson 3: Where are you from? သင်ခန်းစာပါအကြောင်းအရာများကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Present Simple Tense အကြောင်း ဖော်ပြသွားမှာဖြစ်ပါတယ်။

### Grammar

**Present Simple Tense**

We use the present simple tense to talk about: **(a) a current situation (b) an activity in a current programme**

လက်ရှိအခြေအနေ နှင့် လက်ရှိဖြစ်ရပ် တို့အကြောင်း ဖော်ပြပြောဆိုရာတွင် **Present Simple Tense** ကို သုံးသည်။

(A) အောက်ပါဝါကျများကို ဖတ်ပြီး လက်ရှိအခြေအနေဖြစ်ပါက (a) ဟုရေးပြီး လက်ရှိဖြစ်ရပ် ဖြစ်ပါက (b) ဟုရေးပါ။

e.g. **David is a computer programmer.** (a)
**Our holiday ends next Sunday.** (b)

1. U Than Nyunt is a surgeon. (___)
2. The train arrives at 9:00 a.m. (___)
3. Jacky Chan is a famous Chinese actor. (___)
4. The movie starts at 6 o'clock. (___)
5. Thin Thin comes from Mandalay. (___)

Ans: 1. (a) 2. (b) 3. (a) 4. (b) 5. (b)

<u>Present Simple (Verb to be)</u>

| | | | |
|---|---|---|---|
| Affirmative | I | am | from Japan. |
| ရိုးရိုးဝါကျ | You/We/They | are | from Japan. |
| | He/She/It | is | from Japan. |
| Negative | I | am not | at school. |
| ငြင်းဆိုဝါကျ | You/We/They | are not | at school. |
| | He/She/It | is not | at school. |
| Interrogative | Are | you/they | from China? |
| အမေးဝါကျ | Is | he/she/it | from China? |

(B) အောက်ပါဝါကျများတွင် am, is, are သင့်တော်ရာဖြည့်စွက်ပါ။

1. I ___ a good student.
2. My father ___ at work.
3. My green pencil ___ on the floor.
4. ___ you from Korea?
5. They ___ children.
6. ___ he from Thailand?

Ans: 1. am; 2. is; 3. is; 4. Are; 5. are; 6. Is;

<u>Present Simple (Verb to do)</u>

| | | | |
|---|---|---|---|
| Affirmative | I/You/We/They | live | in Japan. |
| ရိုးရိုးဝါကျ | He/She/It | lives | in Japan. |
| Negative | I/You/We/They | don't come | from Korea. |
| ငြင်းဆိုဝါကျ | He/She/It | doesn't come | from Korea. |
| Interrogative | Do | you/they | come from Thailand? |
| အမေးဝါကျ | Does | he/she/it | come from Thailand? |

(C) **Underline the correct answers.(အဖြေမှန်ကို မျဉ်းတားပါ။)**

1. (Do/Does) they write every day?
2. I (drinks/ drink) milk every morning.
3. (Do/Does) you watch TV a lot?
4. He (doesn't / don't) eat beef.
5. (Do/Does) you speak English?

Ans: 1. Do; 2. drink; 3. Do; 4. doesn't; 5. Do;

<u>Short answers</u>

| Verb | Yes | No |
|---|---|---|
| Be | Yes, I am. | No, I'm not. |
| | Yes, you/we/they are. | No, you/we/they aren't. |
| | Yes, he/she/it is. | No, he/she/it isn't. |
| Do | Yes, I do. | No, I don't. |
| | Yes, you/we/they do. | No, you/ we/ they don't. |
| | Yes, he/she/it does. | No, he/she/it doesn't. |

(D) အောက်ပါဝါကျများကို အစီအစဉ်အမှန်ပြန်ရေးပြီး သင့်အကြောင်း အဖြေတိုများ ဖြေပေးပါ။

1. **You/ a football player/ are/ ?**
e.g. Are you a football player?
Yes, I am. (OR) No, I'm not.
2. Your father/ come/ does/ from Sittwe/ ?
3. From the same school/ your friends/ are / as yours/?
4. do/have/you/ any brothers and sisters/?
5. do the cooking/ your mother/ does/ ?
6. a doctor/ your uncle/ is/ ?
7. you/ have/ many friends/ do/ ?
8. like/ your father/ football matches/ does/ ?
9. in English/ you/ interested/ are/ ?
10. speak/ do/ English/ you/ ?

++++++++++++++++++++++++

(လာမည့်အပတ်တွင် Lesson 4: Filling in a form အကြောင်း ဖော်ပြပါမည်)

## Grade 7

ယခင်အပတ်က Unit 4 Lesson 1: Travel and transport သင်ခန်းစာအကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Lesson 2 : A Holiday in Mandalay အကြောင်းကို ဖော်ပြသွားမှာဖြစ်ပါတယ်။

### Lesson 2 : A Holiday in Mandalay (မန္တလေးမြို့မှာ တစ်ရက်တာ)

**Read the passage.**

<u>A holiday in Mandalay</u>

Going somewhere for a holiday is almost always an enjoyable experience. Some go on a holiday just for rest and relaxation; some for reasons of health; some for the excitement of meeting new people, seeing new things, gaining new knowledge, etc. As for me, a holiday is always sightseeing.

နေရာတစ်ခုကို ခရီးထွက်ခြင်းဟာ အမြဲတမ်း ပျော်စရာကောင်းတဲ့ အတွေ့အကြုံတစ်ခုဖြစ်တယ်။ တချို့က အနားယူဖို့ သွားကြတယ်။ တချို့က ကျန်းမာရေးအတွက် သွားကြတယ်။ တချို့က မိတ်ဆွေအသစ်တွေ၊ ပစ္စည်းအသစ်အဆန်းတွေမြင်ရဖို့၊ ဗဟုသုတရရှိဖို့စတဲ့ စိတ်ခံစားချက်အသစ်တွေရရှိဖို့ သွားကြတယ်။ ကျွန်တော်ကတော့ အပန်းဖြေခရီးဆိုတာ အမြဲတမ်းရှုခင်းကြည့်ရဖို့ပဲ ဖြစ်ပါတယ်။

Last December, I went for a holiday in Mandalay. I went with my family. We went by train. We left in the morning and arrived in Mandalay quite late in the evening. The train journey was most pleasant. The green fields we passed through and the mountain ranges we saw at a distance were scenic indeed. The fellow travellers in our carriage were friendly and considerate.

ပြီးခဲ့တဲ့ဒီဇင်ဘာလက ကျွန်တော်မန္တလေးမြို့ကို ခရီးထွက်ခဲ့တယ်။ ကျွန်တော့်မိသားစုနဲ့ပေါ့။ ရထားနဲ့သွားခဲ့ကြတယ်။ ကျွန်တော်တို့နံနက်စောစောထွက်ခွာကြပြီး မန္တလေးကို ညနေစောင်းလောက်မှာ ရောက်ခဲ့တယ်။ ရထားနဲ့ခရီးသွားရတာ အလွန်ပျော်စရာကောင်းပါတယ်။ လယ်ကွင်းစိမ်းတွေကိုလည်း ဖြတ်သန်းပြီး အဝေးကမြင်ခဲ့ရတဲ့ တောင်စဉ်တောင်တန်းတွေကလည်း သဘာဝအလှအပတွေပါပဲ။ ရထားစီးဖော်ခရီးသည်တွေကလည်း ရင်းနှီးဖော်ရွေကြပြီး ကူညီတတ်ကြတယ်။

In Mandalay, we stayed at a hotel in the city centre. The rooms were comfortable, food delicious, and service good. The following morning, we went by taxi to the Mandalay Hill. The view from the top of the hill was simply breathtaking. The hilltop presented us with a panoramic view of the city of Mandalay as well as the distant mountain ranges of Sagaing and Shan State. And of course, we could quite clearly see the old palace with its walls and moat, the Ayeyarwady River and the Yankin Hill as well. Never had I seen Mandalay and its surroundings like before.

မန္တလေးကိုရောက်တော့ မြို့လယ်က ဟိုတယ်တစ်ခုမှာ တည်းခိုခဲ့တယ်။ အခန်းတွေက သက်သောင့်သက်သာရှိတယ်။ အရသာရှိတဲ့ စားသောက်ဖွယ်ရာတွေနဲ့ ဝန်ဆောင်မှုကလည်း ကောင်းပါတယ်။ နောက်တစ်နေ့ နံနက်မှာ မန္တလေးတောင်ကို တက္ကစီနဲ့သွားခဲ့ကြတယ်။ တောင်ထိပ်မြင်ကွင်းက အလွန်ရင်သပ်ရှုမောဖွယ်ကောင်းလှပါတယ်။ တောင်ထိပ်ကလှမ်းကြည့်ရင် မန္တလေးတစ်မြို့လုံးကို မြင်တွေ့နိုင်ပါတယ်။ စစ်ကိုင်းမြို့နဲ့ ရှမ်းပြည်နယ်ရဲ့ ဝေးကွာတဲ့တောင်စဉ်တောင်တန်းတွေကိုလည်း မြင်နိုင်ပါတယ်။ ပြီးတော့ ကျွန်တော်တို့ နန်းမြို့ဟောင်းရဲ့ ကျုံးတွေ၊ တံတိုင်းတွေကို ကောင်းကောင်းမြင်ရသလို ဧရာဝတီမြစ်နဲ့ ရန်ကင်းတောင်ကိုလည်း ရှင်းလင်းပြတ်သားစွာ တွေ့မြင်ရပါတယ်။ မန္တလေးမြို့နဲ့ ပတ်ဝန်းကျင်အလှအပတွေကို ဘယ်တုန်းကမှ မမြင်ဖူးခဲ့ပါ။

In the afternoon, we went on a short boat ride on the Ayeyarwady. On our way back to the hotel,we dropped in at a few shops and I bought a couple of T-shirt and several handicrafts as souvenirs for my friends. Nothing much of value: but they were pretty expensive. We spent the entire Sunday morning visiting a few temples and monasteries, In the afternoon, we visited the Mandalay palace, a historic site. It is impressive indeed. Then we went to the famous U Bein Bridge, where we had a chance to watch a beautiful sunset. The following morning, my family and I took the train the home. I was glad I found Mandalay as a true city of Myanmar history, art and culture. An unforgettable holiday indeed.

နေ့လယ်ခင်းမှာ ဧရာဝတီမြစ်ထဲမှာ လှေစီးတယ်။ ရုပ်အင်္ကျီတွေနဲ့ လက်မှုပညာအမှတ်တရပစ္စည်းတွေကို သူငယ်ချင်းတွေအတွက် ဝယ်လာခဲ့တယ်။ ဈေးမကြီးပေမယ့် တန်ဖိုးရှိပါတယ်။ တနင်္ဂနွေနံနက်ခင်းတစ်ခင်းလုံးမှာ စေတီပုထိုးတွေနဲ့ ဘုန်းကြီးကျောင်းတွေကို သွားလည်ပတ်ခဲ့ပါတယ်။ နေ့လယ်ခင်းမှာ သမိုင်းဝင်နေရာဖြစ်တဲ့ မန္တလေးနန်းမြို့တော်ကို သွားလည်ပတ်တယ်။ နန်းမြို့တော်က တကယ်ကို စွဲမက်ဖွယ်ကောင်းလှပါပေတယ်။ ပြီးတော့ နေဝင်ချိန်ဆည်းဆာအလှကိုကြည့်ဖို့ ဦးပိန်တံတားကို သွားခဲ့တယ်။ နောက်တစ်နေ့မှာတော့ ရထားနဲ့ အိမ်ပြန်လာခဲ့ပါတယ်။ မြန်မာ့သမိုင်းဝင် အနုပညာနဲ့ ယဉ်ကျေးမှုမြို့တော်ဖြစ်တဲ့ မန္တလေးကို လည်ပတ်ရတာ အလွန်ဝမ်းသာမိပါတယ်။ တကယ်ကို မမေ့နိုင်တဲ့ အပျော်ခရီးတစ်ခုပါပဲ။

**Answer the questions.**

1. While travelling by train, what did the writer see along the way?
2. According to the writer, how was the food at the hotel?
3. What did he buy for his friends as souvenirs?
4. Make a list of the places that he visited in Mandalay.
5. Why do you think writer went on a short boat ride?
6. Why do you think the writer said, "Mandalay is a city of Myanmar history, art and culture?
7. Which place would you like to visit for a holiday? Why?
8. What kind of transport will you take if you go on a holiday? Why?

*Ans: 1. While travelling by train, the writer saw the green fields and the distant mountain ranges along the way. 2. According to the writer, the food at the hotel was delicious. 3. He bought several handicrafts for his friends as souvenirs. 4. The places that he visited in Mandalay are Mandalaly Hill, Ayeyarwady river, temple and monasteries and U Bein Bridge. 5. I think the writer went on a short boat ride because he wanted to cross the Ayeyarwady river. 6. I think the writer said, "Mandalay is a city of Myanmar history, art and culture" because it is impressive. 7. I would like to visit Mandalay because it's an ancient city of Myanmar history, art and culture. 8. I will take by train because it was the most pleasant.*

+++++++++++++++

(လာမည့်အပတ်တွင် Yes/No question အကြောင်း ဖော်ပြပါမည်)

## Grade 8

### Unit 6
### Lesson 2 : Our friendly environment

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. Lightning can occur during a s ___________.
2. C_________ change can cause natural disasters.
3. He is f_________ with everyone in his class.
4. Protecting the e___________ is every man's responsibility.
5. The floods cause a l_____________.
6. Thousands of buildings collapsed in the e____________.
7. D___________s are a direct result of increasing global temperatures.
8. The f__________ swept away many homes.
9. Smoking is h__________ to our health.
10. Hydrogen and o__________ combine to form water.

**II. Supply the correct form of the words given in brackets.**

1. (generate) The older _____________ prefer more traditional kind of clothing.
2. (warm) The weather is a bit _________ today.
3. (globe) Technology has turned the world into a __________ village
4. (environ) We're trying to protect the __________ from pollution.
5. (friend) They were __________ to me.
6. (harm) The ozone layer blocks the __________ rays from the sun.
7. (nature) Sharks have no __________ enemies.
8. (chemistry) Oil and coal are known as organic _____________s.
9. (danger) The river is highly ____________ for swimmers.
10. (pollute) ___________ is the introduction of harmful materials into the environment.

**III. Complete the sentences with the words given below. There are two extras.**

**atmosphere earthquake**
**flood warming disaster**
**environment friendly**

1. Global __________ is the long-term warming of the planet's overall temperature.
2. ___________ can happen during heavy rains.
3. Thousands of buildings collapsed in the ____________.
4. An earthquake is a natural __________.
5. ___________ is the surrounding around us we do live in.

**Reading**

**Read the passage.**

There are 3 ways to make in Earth a greener place: Reduce,reuse and recycle. When people reduce, it means they are using less of something. This means less waste. Turning offthe water when we brush our teeth is a way of reducing. We don't waste water by doing this. Reusing is to use the things we already have again. We can use re-usable shopping bags made of cloth instead of plastic bags when we go to a supermarket. Using both sides of the paper is also a way of reusing.

Finally, we can recycle. Recycling is to create new materials from old ones. Materials like paper, plastic and metal can be recycled. You can recycle the things like newspapers, soda cans, plastic containers and magazines. If we want to live in a green and clean world, we must take care of our world.

**Answer the questions.**

**1. What is the title of the passage?**

(a)The ways to reuse things
(b)The benefits of recycle things
(c) The recycle materials
(d) Reduce, Reuse, Recycle

**2. What is the meaning of reduce?**

(a) To use again
(b) To use less
(c) To make new
(d) To use more

**3. We reduce water by _____________.**

(a) Turning off the water when we brush our teeth
(b) Playing with water
(c) Watering the flowers with lots of water
(d) Turning on the water when we don't need it.

**4. What should we do when we go to the market, if we want to reuse?**

(a) use plastic bags
(b) use cloth bags
(c) use a basket
(d) use paper bag

**5. To create new materials from the old ones is called _____________.**

(a) Recycle
(b) Reuse
(c) Reduce
(d) Waste

**6. What kind of materials can you recycle?**

(a) oil
(b) leftover food
(c) paper, plastic and metal
(d) Fruits and vegetables

********************************

## Grade 9

**အရင်တစ်ပတ်က Lesson 7: What will the weather be like tomorrow? Lesson 8 : How to study နဲ့ Lesson 9: The Greatest Inventor တို့ရဲ့ Verb Form မေးခွန်းများကိုဖော်ပြခဲ့ပါတယ်။ ဒီတစ်ပတ်မှာတော့ Lesson-10: The Olympic Games နဲ့ Lesson 11: The brave dog တို့ရဲ့ Verb Form မေးခွန်းများကို ဆက်လက်ဖော်ပြသွားမှာဖြစ်ပါတယ်။**

### Lesson 10
### The Olympic Games

**Supply the correct form of the verb in the brackets.**

1.(run) In the race, my brother could _____ faster than me.
2. (allow) No one _____ to pluck the flowers in the park.
3. (hold)The school _____ School Family Day every year.
4. (know)I don't _____ her address, but her phone number.
5. (jump) The pilot _____ from the burning plane.
6. (stand)Pyae Pyae always _____ first in her class.
7. (put)The track and field events can _________ into three groups.
8. (finish)I _____ my painting now.
9. (compete) The two athletes are _____ for the gold medal.
10. (call)His name is Min Swan Pyae. You can _____ him Ko Swan.
11. (participate) How many competitors are _____ in the swimming event?
12. (start)How do you _____ the machine?
13. (throw) _____ me that towel, please.
14.(do) Has she _____ her homework?
15. (play) The children _____ now.
16. (swim) Look! Boys _____ in the lake.
17. (lose) I _____ my pen. Nowhere can I find it.
18. (bring) He _____ my bike yesterday.
19. (take) _____ an umbrella. It is raining outside.
20. (hold) Thingyan Festival _____ every April.

**Ans: 1. run; 2. is allowed; 3. holds; 4. know; 5. jumped; 6. stands; 7. be put; 8. am finishing; 9. competing; 10. call; 11. participating; 12. start; 13. Throw; 14. done; 15. are playing; 16. are swimming; 17. have lost; 18. brought; 19. Take; 20. is held;**

*****************

### Lesson 11 The brave dog

**Supply the correct form of the verb given in brackets.**

1. (waste) Don't _____ the time.
2. (wake) What time did you _____ up this morning?
3. (wait) I have been _____ for you for almost three hours.
4. (trust) I never _____ him; he is a liar.
5. (travel) They usually _____ to work by train.
6. (spring) The tiger ____ on the deer and killed it.
7. (rush) We _____ out into the street to see what the noise was.
8. (bury) The thief _____ the stolen treasure here.
9. (punish) This morning, he _____ by the teacher for not doing his homework.
10. (manage) You need to _____ your time.
11. (bleed) Don't touch my knee. The cut is _____.
12. (crash) The plane _____ into the mountainside.
13. (enter) The police _____ the house through the side door.
14. (hunt) They _____ for rabbits in the forest now.
15. (lick) Look! Your sister _____ the honey off the spoon.
16. (crawl) The baby _____ on the floor when we saw him.
17. (leave) Please _____ me the key.
18. (throw) She _____ the ball up and caught it again.
19. (kill) Cancer _____ thousands of people every year.
20. (not see) Since morning, I _____ her yet.

**Ans: 1. waste; 2. wake; 3. waiting; 4. trust; 5. travel; 6. sprang; 7. rushed; 8. buried; 9. was punished; 10. manage; 11. bleeding; 12. crashed; 13. entered; 14. are hunting; 15. is licking; 16. was crawling; 17. leave; 18. threw; 19. kills; 20. have not seen;**

*****************

### Grammar patterns

**Rewrite the following as shown in (b).**

**Examples:**

1. (a)" The diamonds are not real," said Daw Sein Kyi."
(b) Daw Sein Kyi said that the diamonds were not real.
2. (a) "Did you say you bought a diamond necklace?"
(b) Daw Sein Kyi asked Daw May Thi if she said she had bought a diamond necklace.

1. Ko Ko said, "I'm doing my homework."
2. Shwe Zin said to her friend, "My parents can speak Englishwell."
3. She said to me, "I will come and see you tomorrow."
4. The teacher said to her students, "You must show your homework tomorrow."
5. U Hla said to us, "We will go hunting next week."
6. I said to Zin Zin, "When do you usually get up?"
7. Father said to me, "Where did you go last night?"
8. Mother said to me, "Don't make so much noise."
9. Phyu Phyu said to him, "Don't play with the fire."
10. She said to me, "Please don't disturb me while I'm working."

**Ans:**

**1. Ko Ko said that he was doing his homework. 2. Shwe Zin told her friend that her parents could speak English well. 3. She told me that she would come and see me the next day. 4. The teacher told her students that they must/ had to show their homework the next day. 5. U Hla told us that they would go hunting the following week. 6. I told Zin Zin that when she usually got up. 7. Father told me that where I went the previous night. 8. Mother ordered me not to make so much noise. 9. Phyu Phyu requested him not to play with the fire. 10. She requested me not to disturb her while she was working.**

*****************

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# ပင်းတယ၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၁၄၄)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ



ပင်းတယ နိုဝင်ဘာ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(ပင်းတယ)၌ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၁၄၄)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၈ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ပင်းတယမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မိုးလွင်နှင့် ဝန်ထမ်းများက နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့ပြီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် သံဃနာယကဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တစန္ဒောဘာသထံမှ ငါးပါးသီလ ခံယူဆောက်တည်ခြင်းနှင့် သံဃာတော်အရှင်သူမြတ်တို့ ရွတ်ဖတ်သဇ္ဈာယ်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် သံဃာတော်အရှင်သူမြတ်တို့အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မိုးလွင်နှင့် ဇနီးဒေါ်ထိုက်စုကြည်တို့က နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြပြီး မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တစန္ဒောဘာသထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။ ထို့နောက်သံဃာတော်အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

* ကျောဖုံးမှ

ဘုရားဖူးခရီးစဉ်များသွားလာကြရန် ပြင်ဆင်လျက်ရှိသည်။

"လားရှိုးမီးပုံးပျံပွဲထက် ပြင်ဦးလွင်မီးပုံးပျံပွဲကို ခရီးသွားတွေ အထူးစိတ်ဝင်စားကြတယ်။ ပုပ္ပား၊ ပုဂံ၊ မန္တလေး၊ အင်းလေး၊ ပင်းတယခရီးစဉ်ကိုလည်း စိတ်ဝင်စားကြတယ်။ အပန်းဖြေခရီးဆိုရင် ချောင်းသာ၊ ငွေဆောင်၊ ငပလီ သွားမယ့်သူလည်းများတယ်။ မဟာဗောဓိမြိုင်ဆရာတော်ဖူးတဲ့ခရီးစဉ်လည်း သွားကြတာများတယ်။ ခရီးသွားတွေကို မှန်လုံယာဉ်နဲ့ပို့ပေးပြီး ထမင်းကျွေးတယ်။ ဟိုတယ်/တည်းခိုဖို့အတွက်လည်း စီစဉ်ပေးတယ်။ တန်ဆောင်တိုင်ပွဲတော်ကနေ နှစ်သစ်ကူးအထိ ဆက်တိုက်ခရီးသွားဝန်ဆောင်မှုရှိနေပါတယ်။ ကျိုက်ထီးရိုးခရီးစဉ်လည်း တောင်တက်ခရီးစဉ်နဲ့ တည်းခိုမှုအခမဲ့၊ စတုဒိသာ အကျွေးအမွေးတွေရှိတာကြောင့် ထူးခြားတဲ့ဝန်ဆောင်မှုနဲ့အတူ ဘုရားဖူးတွေသွားကြမှာပါ။ ပွင့်လင်းရာသီမှာ ကနဦးပြည်တွင်းခရီးသွားတွေများပြီး နောက်ပိုင်း နိုင်ငံခြားခရီးသွားဝင်ရောက်နိုင်တယ်လို့ ခန့်မှန်းထားပါတယ်။ ဒီလဆန်းပိုင်းမှာ ခရီးသွားလာကြဖို့ ကြိုတင်လက်မှတ်ဝယ်ယူမှုများလာပါတယ်"ဟု မြန်မာနိုင်ငံပြည်တွင်းဘုရားဖူးများအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အေးက ပြောသည်။

မြန်မာပြည်တွင် နှစ်စဉ်ပြည်တွင်းခရီးသွား ရှစ်သန်းခန့် ခရီးသွားလာလျက်ရှိပြီး ခရီးသွားအများဆုံး ဝင်ရောက်ရာနေရာမှာ ကျိုက်ထီးရိုးစေတီတော်ဖြစ်၍ ဒုတိယအများဆုံးမှာ ပုဂံယဉ်ကျေးမှုနယ်မြေ ဖြစ်သည်။ အောက်တိုဘာလ သီတင်းကျွတ်ပွဲတော်မှ ဧပြီလသင်္ကြန်ကာလအထိ မြန်မာပြည်တွင် ပွဲတော်ရက်အရှည်ဆုံး၊ ဘုရားဖူးဝင်ရောက်မှုအများဆုံးနှင့် အစည်ကားဆုံးနေရာမှာ ကျိုက်ထီးရိုးစေတီတော်မြတ်ဖြစ်ပြီး ၂၀၁၈-၂၀၁၉ ခုနှစ်စာရင်းအရ ကျိုက်ထီးရိုးသို့ ပြည်တွင်းခရီးသွား သုံးသန်းခန့် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ပြည်တွင်းခရီးသွားလာမှုတွင် ၂၀၁၉ ခုနှစ်အထိ သီတင်းကျွတ်၊ တန်ဆောင်တိုင်၊ နှစ်သစ်ကူးပွဲတော်နှင့် သင်္ကြန်ကာလအထိ ခရီးသွားများဖြင့် စည်ကားခဲ့ပြီး ၂၀၂၀ ပြည့်နှစ်မတ်လ၌ ကမ္ဘာ့ကပ်ရောဂါကြောင့် ခရီးသွားလာမှုရပ်နားခဲ့ရာ ၂၀၂၁ ခုနှစ် ခရီးသွားရာသီတွင် နိုင်ငံတော်မှ ခရီးသွားကဏ္ဍကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်။ ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် တောင်ပြုံးပွဲ၊ စက်တင်ဘာလတွင် ကျောက်ပန်းတောင်း အဘအောင်မင်းခေါင်ထွက်ပွဲနှင့် ပုပ္ပားတောင်ဘုရားဖူးတို့ဖြင့် အထူးစည်ကားခဲ့ပြီး အောက်တိုဘာလ၌ ပုဂံ၊ ညောင်ဦး၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မော်လမြိုင်(ကျိုက္ခမီ)၊ ငွေဆောင်၊ ချောင်းသာတို့၌ ခရီးသွားများ တစ်ဖွဲ့ဖွဲ့ဝင်ရောက်ခဲ့၍ ယခု နိုဝင်ဘာလ၌ ဆောင်းအအေးဓာတ်နှင့်အတူ ဘုရားဖူးခရီးစဉ်များနှင့် အပန်းဖြေခရီးစဉ်တို့အတွက် ခရီးသွားပို့ဆောင်ရေးအသင်းများက ဝန်ဆောင်မှုအပြိုင် ပေးလျက်ရှိသည်။

သဘာဝအရင်းအမြစ်နှင့် ရှေးဟောင်းယဉ်ကျေးမှုများစွာ သိုမှီးထိန်းသိမ်းထားသော မြန်မာနိုင်ငံသို့ နိုင်ငံခြားခရီးသွားများ အထူးစိတ်ဝင်တစား လာရောက်လည်ပတ်လေ့ရှိသည်။ ယခု ပွင့်လင်းရာသီ၌ ပြည်တွင်းခရီးသွားများနှင့်အတူ နိုင်ငံခြားသား ခရီးသွားများလည်း ဝင်ရောက်လာမည်ဖြစ်ရာ ခရီးသွားဝင်ရောက်ရာ ဒေသအသီးသီးတို့တွင် ဒေသခံတို့၏ စီးပွားရေးအခွင့်အလမ်းများစွာ ပိုမိုပွင့်လန်းလာစေရန် နိုင်ငံတော်မှ ခရီးသွားလာမှုကို ပြန်လည်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ခရီးသွားရာသီအစတွင် ဘုရားဖူးခရီးစဉ်များ၊ တန်ဆောင်တိုင်ပွဲတော်နှင့် အပန်းဖြေခရီးစဉ်တို့အတွက် ခရီးသွားလက်မှတ်များ ကြိုတင်ဝယ်ယူမှုများလျက်ရှိကြောင်း သိရသည်။

**သတင်း - ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ - ကနူး**

# မြန်မာအသင်းများ ယှဉ်ပြိုင်မည့် ၂၀၂၄ အာရှဖလား ယူ-၂၀ နှင့် ယူ-၁၇ အမျိုးသမီးခြေစစ်ပွဲ အုပ်စုများထွက်ပေါ်

ရန်ကုန် နိုဝင်ဘာ ၄

၂၀၂၄ အာရှဖလား ယူ-၂၀ နှင့် ယူ-၁၇ အမျိုးသမီးခြေစစ်ပွဲ ပထမအဆင့် အုပ်စုမဲခွဲပွဲကို နိုဝင်ဘာ ၃ ရက်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပခဲ့သည်။

ယင်းခြေစစ်ပွဲနှစ်ခုစလုံးတွင် မြန်မာလူငယ်လက်ရွေးစင် အမျိုးသမီးအသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အာရှဖလား ယူ-၂၀ ခြေစစ်ပွဲတွင် မြန်မာအသင်းသည် မလေးရှား၊ ပါကစ္စတန်၊ ကမ္ဘောဒီးယား၊ အာရှဖလား ယူ-၁၇ ခြေစစ်ပွဲတွင် မြန်မာအသင်းသည် အိန္ဒိယ၊ ကာဂျစ်စတန်တို့နှင့် တစ်အုပ်စုတည်းကျရောက်ခဲ့သည်။

အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲကို အုပ်စုရှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု(က)တွင် တရုတ်၊ လာအို၊ ဟောင်ကောင်၊ ဖိလစ်ပိုင်၊ အုပ်စု(ခ)တွင် နီပေါ၊ ယူအေအီး၊ မြောက်မာရီယာနာကျွန်းစု၊ ပါလက်စတိုင်း၊ အုပ်စု(ဂ)တွင် ဩစတြေးလျ၊ ကာဂျစ်စတန်၊ ဂူအမ်၊ အီရတ်၊ အုပ်စု(ဃ)တွင် လက်ဘနွန်၊ ဂျော်ဒန်၊ မွန်ဂိုလီးယား၊ ဘူတန်၊ အုပ်စု(င)တွင် ထိုင်း၊ တရုတ်(တိုင်ပေ)၊ တာဂျစ်ကစ္စတန်၊ ဥဇဘက်ကစ္စတန်၊ အုပ်စု(စ)တွင် ဗီယက်နမ်၊ အိန္ဒိယ၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ အုပ်စု(ဆ)တွင် မြန်မာ၊ မလေးရှား၊ ပါကစ္စတန်၊ ကမ္ဘောဒီးယား၊ အုပ်စု(ဇ)တွင် အီရန်၊ ဘင်္ဂလားဒေ့ရှ်၊ တာ့ခ်မင်နစ္စတန်အသင်းတို့ ပါဝင်နေသည်။

အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲ ပထမအဆင့်တွင် အသင်းစုစုပေါင်း ၃၁ သင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး နောက်ဆုံးကျင်းပသည့် ၂၀၁၉ ပြိုင်ပွဲ ချန်ပီယံ ဂျပန်အသင်းအပါအဝင် မြောက်ကိုရီးယား၊ တောင်ကိုရီးယားနှင့် ၂၀၂၄ အာရှဖလား ယူ-၂၀ အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့် အိမ်ရှင်နိုင်ငံဖြစ်သော ဥဇဘက်ကစ္စတန်အသင်းတို့မှာ ခြေစစ်ပွဲယှဉ်ပြိုင်စရာမလိုဘဲ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ ပထမအဆင့်ခြေစစ်ပွဲကို ၂၀၂၃ ခုနှစ် မတ် ၄ ရက်မှ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အာရှဖလား ယူ-၁၇ အမျိုးသမီးခြေစစ်ပွဲကို အသင်းစုစုပေါင်း ၂၉ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပထမအဆင့်ခြေစစ်ပွဲအုပ်စုပွဲများကို ၂၀၂၃ ခုနှစ် ဧပြီ ၂၂ ရက်မှ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။ နောက်ဆုံးကျင်းပသည့် ၂၀၁၉ ပြိုင်ပွဲ ချန်ပီယံ ဂျပန်အသင်းအပါအဝင် မြောက်ကိုရီးယား၊ တရုတ်နှင့် ၂၀၂၄ အာရှဖလား ယူ-၁၇ အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့် အိမ်ရှင်နိုင်ငံဖြစ်သော အင်ဒိုနီးရှားအသင်းတို့မှာ ခြေစစ်ပွဲယှဉ်ပြိုင်စရာမလိုဘဲ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

ခြေစစ်ပွဲအုပ်စု မဲခွဲမှုအရ အုပ်စု(က)တွင် ထိုင်း၊ မလေးရှား၊ မြောက်မာရီယာနာကျွန်းစု၊ အင်ဒိုနီးရှား၊ အုပ်စု(ခ)တွင် ဩစတြေးလျ၊ တရုတ်(တိုင်ပေ)၊ မွန်ဂိုလီးယား၊ ဘူတန်၊ အုပ်စု(ဂ)တွင် ဗီယက်နမ်၊ ဥဇဘက်ကစ္စတန်၊ ပါလက်စတိုင်း၊ ဘာရိန်း၊ အုပ်စု(ဃ)တွင် ဘင်္ဂလားဒေ့ရှ်၊ စင်ကာပူ၊ ယူအေအီး၊ တာ့ခ်မင်နစ္စတန်၊ အုပ်စု(င)တွင် တောင်ကိုရီးယား၊ ဟောင်ကောင်၊ တာဂျစ်ကစ္စတန်၊ အီရတ်၊ အုပ်စု(စ)တွင် မြန်မာ၊ အိန္ဒိယ၊ ကာဂျစ္စတန်၊ အုပ်စု(ဆ) တွင် ဖိလစ်ပိုင်၊ လက်ဘနွန်၊ ဂူအမ်၊ အုပ်စု(ဇ)တွင် အီရန်၊ ဂျော်ဒန်နှင့် နီပေါအသင်းတို့ ပါဝင်နေသည်။

**ကိုညီလေး**

**○ အမျိုးသမီးလိဂ်မှ**

မြဝတီအသင်းသည် Young Lionesses အသင်းကို လေးဂိုးပြတ်အနိုင်ယူကာ နိုင်ပွဲပြန်လည်ရရှိခဲ့သည်။ မြဝတီအသင်းအတွက် အနိုင်ဂိုးများကို မိနစ် ၂၀ တွင် စန်းသော်သော်၊ ၂၄၊ ၃၈ မိနစ်တွင် ရှုပါခိုင်နှင့် ၄၆ မိနစ်တွင် အေးမြတ်ခိုင်တို့က သွင်းယူခဲ့သည်။ YREO အသင်းမှာလည်း ဇယားအောက်ဆုံးမှ တနင်္သာရီအသင်းကို ဂိုးပြတ်သွင်းကာ ယခုရာသီ၏ ဒုတိယမြောက်နိုင်ပွဲရရှိခဲ့သည်။ YREO အသင်းအတွက် အနိုင်ဂိုးများကို ၁၂ မိနစ်တွင် ဂျူးထက်ဝေ၊ ၂၁ မိနစ်တွင် အေးအေးထွေး၊ ၂၄၊ ၂၇၊ ၄၅+၂၊ ၈၈ မိနစ်တွင် ဒေစီအောင်၊ ၅၅ မိနစ်တွင် ဖျားမြာမို့မို့အေးနှင့် ၆၈ မိနစ်တွင် ဆွေမာအောင်တို့က သွင်းယူခဲ့သည်။

ပွဲစဉ် (၈)အပြီးတွင် သစ္စာအားမာန်အသင်းက ခုနစ်ပွဲကစား ရမှတ် ၁၈ မှတ်ဖြင့် ဦးဆောင်နေပြီး လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်းက ခြောက်ပွဲကစား ၁၆ မှတ်၊ မြဝတီအသင်းက ခုနစ်ပွဲကစား ၁၆ မှတ်၊ အား/ကာဦးစီးဌာနအသင်းက ခုနစ်ပွဲကစား ကိုးမှတ်၊ YREO အသင်းနှင့် Young Lionesses အသင်းတို့က ခုနစ်ပွဲကစား ခြောက်မှတ်စီရရှိထားကာ တနင်္သာရီအသင်းမှာမူ ခုနစ်ပွဲစလုံး အရေးနိမ့်ကာ အမှတ်မရသေးပေ။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MWL**

## အနုပညာ

# ငါးနှစ်တာအတွင်း ပထမဆုံးအကြိမ်အဖြစ် ဖျော်ဖြေပွဲပြုလုပ်မယ့် တေလာဆွစ်

အမေရိကန်ပေ့ါပ်ကြယ်ပွင့် တေလာဆွစ်ဟာ လွန်ခဲ့တဲ့ ငါးနှစ်တာအတွင်း တေးဂီတဖျော်ဖြေပွဲ ပြုလုပ်ခဲ့ခြင်းမရှိပါဘူး။ သူ့ရဲ့ တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်မှုနဲ့အတူ မကြာမီမှာ ဖျော်ဖြေပွဲ ပြုလုပ်ဖို့ရာ စီစဉ်ထားကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

တေလာဆွစ်အနေနဲ့ နယ်လှည့်ဖျော်ဖြေပွဲတွေကို ပြုလုပ်မှာဖြစ်ကြောင်း နိုဝင်ဘာ ၁ ရက်က ထုတ်ပြန်ခဲ့ပါတယ်။ ၂၀၂၃ ခုနှစ်အတွင်း အမေရိကန်တစ်ဝန်း ဖျော်ဖြေပွဲပြုလုပ်မယ့် ရက်တွေနဲ့ နေရာတွေကို ထုတ်ပြန်ခဲ့ပြီး နောက်ပိုင်းမှာ ကမ္ဘာတစ်ဝန်းပြုလုပ်မယ့် အစီအစဉ်တွေကို ထပ်မံကြေညာပေးမှာဖြစ်တယ်လို့လည်း သိရပါတယ်။

တေလာဆွစ်ဟာ သူ့ရဲ့ ဆယ်ခုမြောက် စတီရီယိုတေးအယ်လ်ဘမ် Midnights ကို အောက်တိုဘာ ၂၁ ရက်က စတင်ထုတ်လွှင့်ပေးခဲ့တာပါ။ အဆိုပါတေးအယ်လ်ဘမ်နဲ့လည်း သူဟာ စံချိန်သစ်တွေ တင်နိုင်ခဲ့ပါတယ်။ ဘေဘုတ်ရဲ့ တေးသီချင်း ၁၀၀ စာရင်းမှာ တေးသီချင်း ၁၀ ပုဒ်ပါဝင်နိုင်ခဲ့တဲ့ ၆၄ နှစ်တာကာလအတွင်း ပထမဆုံးတေးသံရှင်အဖြစ် စံချိန်တင်နိုင်ခဲ့ပါတယ်။

# လက်ထပ်လိုက်ပြီဖြစ်တဲ့ ဆိုယွန်း



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့ T-ara အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဆိုယွန်းဟာ နိုင်ငံကိုယ်စားပြု ဘောလုံးအသင်းက ကစားသမားတစ်ဦးဖြစ်တဲ့ ဂျိုယိုမင်နဲ့ လတ်တလောမှာ လက်ထပ်မှတ်ပုံတင်ခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

သူတို့နှစ်ဦး လက်ထပ်ခဲ့ကြောင်းကို ဒေသတွင်းမီဒီယာတစ်ခုက နိုဝင်ဘာ ၃ ရက်က ဖော်ပြခဲ့တာပါ။ မင်္ဂလာပွဲကိုတော့ နိုဝင်ဘာ လလယ်ပိုင်းမှာ ပြုလုပ်ဖို့ရာ စီစဉ်ထားပါတယ်။ လက်ရှိမှာ ပြည်တွင်းလိဂ်ပွဲတွေ ကစားနေပြီး ဂျိုယိုမင်ဟာ နိုင်ငံလက်ရွေးစင်အဖြစ် ၂၀၂၂ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲမှာလည်း ပါဝင်ကစားမှာဖြစ်တာကြောင့် လက်ရှိ ပါဂျူးမှာ အသင်းဖော်တွေနဲ့အတူ လေ့ကျင့်မှုတွေ လုပ်ဆောင်နေတာလည်း ဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ ချစ်သူတွေအဖြစ် သုံးနှစ်ကြာလက်တွဲခဲ့ပြီးနောက် ယခုလို လက်ထပ်ခဲ့ကြတာလည်း ဖြစ်ပါတယ်။

**အေးပြည့် - စုစည်းသည်**

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးအေး
### အသက် (၁၀၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဦးခင်ဇော်-ဒေါ်ယဉ်စန်း၊ ရွှေကျင်မြို့၊ ပန်းဘဲတန်းရပ်ကွက်နေ ဆရာကြီး ဦးကျင်မြင့် (အထက-ငြိမ်း)-ဒေါ်တင်မေဌေး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ [ဦးဌေးဝင်း (ဗဟိုတရားရုံးချုပ်-ငြိမ်း)]-ဒေါ်နွဲ့နွဲ့ဝင်း၊ ရွှေပြည်သာမြို့နယ်နေ ဦးထွဋ်မြတ်ကြွယ်-ဒေါ်ထွေးထွေးစိန်၊ ရွှေကျင်မြို့နယ်၊ ဝင်းခနိမ်ရွာနေ (ဦးတင်ဖုန်းမြင့်)-ဒေါ်ရီရီနိုင်၊ ရန်ကုန်မြို့၊ အလုံမြို့နယ်နေ ဦးကျော်သူ(အမှုဆောင်အရာရှိချုပ်-YESC, MOEP)-ဒေါ်နီလာရှိန်၊ ရွှေကျင်မြို့၊ မကျည်းတန်းရပ်နေ ဦးစိုးမိုး-ဒေါ်ဌေးဌေး(ရွှေစည်-စိုက်ပျိုးရေးဆေးဆိုင်)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၉ ယောက်၊ မြစ် ငါးယောက်တို့၏ အဘိုး၊ (ဒေါ်သိန်းကြည်)၏ ချစ်လှစွာသောခင်ပွန်း ဦးအေးသည် ၃-၁၁-၂၀၂၂ရက် (ကြာသ ပတေးနေ့) ည ၆:၁၅နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၅-၁၁-၂၀၂၂ရက် (စနေနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ရွှေကျင်မြို့နေ (ဦးအေး-ဒေါ်သိန်းကြည်)တို့နေအိမ်မှ သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ အမှုဆောင်အရာရှိချုပ် ဦးကျော်သူ ဇနီး ဒေါ်နီလာရှိန်တို့၏ မွေးသဖခင်ကျေးဇူးရှင် ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး ဦးအေး အသက်(၁၀၀) သည် ၃-၁၁-၂၀၂၂ (ကြာသပတေးနေ့) ည ၆:၁၅ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစု နှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ နှင့် အရာထမ်း၊ အမှုထမ်းများ**

### ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)
## ဦးဘမင်း
### အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၂)ရပ်ကွက်၊ မဟာဗန္ဓုလ ပန်းခြံလမ်း၊ အမှတ်(၁၉၂)၊ ပထမထပ်နေ ဒေါ်မေလျှံ၏ခင်ပွန်း ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)၏ အမှုဆောင် ဦးဘမင်းသည် ၂၆-၁၀-၂၀၂၂ ရက် နံနက် ၉:၂၅ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ရေဝေးသုဿန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များကို အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဘဝမြင့်ရပ်ကွက်၊ မလိခအိမ်ရာ၊ တိုက်အမှတ်(၇)၊ အခန်းအမှတ်(၃၄)၊ (တတိယထပ်) အမည်ပေါက် ဦးအောင်သန်း(ခ)သက်မောင် [၁၂/ဥကတ(နိုင်)၀၂၄၆၅၄] အမည်ဖြင့် ဌာနမှထုတ်ပေးထားသော အိမ်ပေါ်တက်ရောက်နေထိုင်ခွင့် မူရင်းစာရွက်မှာ ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်ထုတ်ယူခွင့်ပြုပါရန် ယင်းအခန်းအား စာချုပ်စာတမ်း အဆင့်ဆင့်ဖြင့် ဝယ်ယူထားကြောင်း အထောက်အထားများတင်ပြ၍ ဦးမျိုးဦး [၁၂/လမတ(နိုင်)၀၁၇၃၇၈]နှင့် ဒေါ်နီလာထွန်း[၁၂/သကတ(နိုင်)၁၆၅၄၈၅]တို့က လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

### အများသိစေရန်ကြေညာခြင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အောင်မြင့်မိုရ်အိမ်ရာ၊ တိုက်(၄၄)၊ အခန်း (၁၀၁)ဟုခေါ်တွင်သော (တိုက်ခန်း) အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဦးအောင်နိုင်ဝင်း [၈/ရစက(နိုင်)၀၀၀၇၂၉]မှ အမည်ပေါက်လျက် ပိုင်ဆိုင်ပါကြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း၊ မည်သည့်အရှုပ်အရှင်း တစ်စုံတစ်ရာမျှ မရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဒေါ်ဥမ္မာမြင့် [၇/ပတတ(နိုင်)၀၈၇၂၀၂]မှ (၂-၁၁-၂၀၂၂) ရက်စွဲပါ "တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်စာချုပ်" ချုပ်ဆို၍ ငွေအပြေအကျေပေးချေပြီး ဝယ်ယူပိုင်ဆိုင်၍ လက်ရောက်လွှဲပြောင်းရရှိထားပြီး ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားသူ-**
**ဒေါ်ဥမ္မာမြင့်**

**ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေခိုင်(ခ) ဒေါ်မြမြဌေး (H.G.P, LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅) (၂၀-၇-၁၉၉၈)**
**ရုံး(ဃ-၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉- ၅၄၀၇၂၂၉**

### ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ ဦးမောင်ကလေး(ခ)မိုဟာမက်ရောဖိတ် [၁၂/ဒဂတ(နိုင်)၀၁၀၇၃၇]၊ အမှတ်(၁၁၈)၊ (၂၉)လမ်း၊ (၇)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ် နေသူထံမှ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ပုသိမ်မြေရပ်ကွက်၊ (၁၂)လမ်း၊ အမှတ်(၂၁၆)၊ (၄)လွှာ(ဘီ)၊ တိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အားလုံးတို့ကို အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုခြင်းကို ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက ငွေချေအရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးစိန်မြင့်** — **စဉ်-၁၀၉၁၆**

**ဦးညီလင်းဖေ** — **စဉ်-၃၅၃၂၆**

**အထက်တန်းရှေ့နေများ**
**အမှတ်(၂၀၃)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

### ခရစ်တော်၌ အိပ်ပျော်ခြင်း
## Sophia (ခ) ဒေါ်စိန်ရင် (ခ) လင်ခွဲကျက်လျံ
### အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ အမှတ်(၇၁)၊ (၁၂)လမ်း၊ လမ်းမတော်မြို့နယ်နေ (ဦးလင်ခင်မော်-ဒေါ်နှင်းကြူ)တို့၏သမီး၊ (ဦးအုန်းစိန်)၏ဇနီး၊ ဒေါက်တာတင်တင်ရီ-ဦးခင်မောင်လတ်၊ ဒေါက်တာတိုးနိုင်-ဒေါ်ခင်မာချို၊ ဒေါ်လှလှစိန်၊ ဒေါ်အေးအေးစိန်၊ ဦးဝင်းနိုင်၊ ဦးကျော်နိုင် (ဆည်/ရေ ဦးစီးဌာန)-ဒေါ်ခင်မာမာလွင်၊ ဒေါက်တာယဉ်ယဉ်စိန်-ဦးအေးမော်၊ ဒေါက်တာစိုးနိုင်၊ ဒေါ်ခင်ညိုညိုစိန်တို့၏ ချစ်လှစွာသောမိခင်၊ မြေး ခုနစ်ယောက်၊ မြစ် နှစ်ယောက်တို့၏ ဘွားဘွားကြီး ဒေါ်စိန်ရင်သည် ၄-၁၁-၂၀၂၂ (သောကြာနေ့) နံနက် ၇:၁၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၆-၁၁-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် စိန်ထရေဇာဘုရားကျောင်း၊ အမှတ်(၉၇)၊ မင်းရဲကျော်စွာလမ်း၊ အလုံမြို့နယ်၌ ဝတ်ပြုဆုတောင်းပြီး မွန်းတည့် ၁၂ နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးသန်းနွဲ့ (ရေဦး)
**စစ်မှုထမ်း/ရဲမှုထမ်း(ငြိမ်း)**
**ဗသက အပတ်စဉ်(၃၉)**
### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရှစ်မိုင်လမ်းဆုံ၊ မြိုင်ဟေဝန်မြို့ပြအိမ်ရာ တောင်ဘက်ခြမ်းနေ (ဦးဘအေး-ဒေါ်လှတင်)တို့၏သား၊ (ဦးမြစိန်-ဒေါ်ခင်ကြည်)တို့၏သားသမက်၊ (ဒေါ်လှနှစ်)၊ (ဒေါ်သန်းအေး)၊ ဒေါ်သန်းမြိုင်တို့၏တူ/သား၊ (ဦးသန်းထွန်း-ဒေါ်စန်းစန်းနှစ်)တို့၏ ညီ/မောင်၊ (ဒေါ်စိန်စိန်ရီ-ဦးစိန်လင်း)၊ ဦးမြင့်သိန်းထွန်း-ဒေါ်ခင်ဌေးရီတို့၏အစ်ကို၊ ဦးဇော်ထွန်း-ဒေါ်ညိုဇင်လတ်ဝင်း၊ ဒေါ်ဆွေဇင်ထွန်း၊ ဒေါ်သီဒါနွဲ့တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မောင်ပြည့်မောင်၏အဘိုး၊ (ဒေါ်ကြင်သန်း)၏ ချစ်လှစွာသော ခင်ပွန်း ဦးသန်းနွဲ့သည် ၄-၁၁-၂၀၂၂ ရက် နံနက် ၅:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၁-၂၀၂၂ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုဿန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ကန့်ကွက်နိုင်ပါသည်

"ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်ရပ်ကွက်၊ စံပယ်လမ်းသွယ်၊ မြေအကျယ် ပေ(၁၅x၄၀)ရှိ မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော မီးပါရှိသည့် နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်အေးချမ်းခိုင်[၁၂/မဂဒ(နိုင်)၁၅၅၂၁၇]မှ ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဦးအောင်ဇော်လတ် [၁၂/အလန(နိုင်)၀၁၁၂၄၈]မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၁၀)ရက်အတွင်း စာချုပ်စာတမ်းမူ ရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ပြီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားသူ**
**ဦးအောင်ဇော်လတ်**

**ညွှန်ကြားချက်အရ**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြဌေး(H.G.P,LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅)၊(၂၀-၇-၁၉၉၈)**
**ရုံး- (ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊**
**မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉-၅၄၀၇၂၂၉**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မင်းတပ်လမ်း၊ မြေကွက် အမှတ်(၁၂၀၇) ပေ(၄၀x၈၀)အကျယ်ရှိ ပါမစ်အမည်ပေါက် ဦးမြသန်းစံ [၁၂/မဂဒ(နိုင်)၀၀၃၇၅၉]ထံမှ ပေ(၂၀x၈၀) မူရင်းခြမ်းနှင့်ကပ်လျက်ရှိသော ပေ(၁၀x၈၀) တရားဝင်မခွဲစိတ်ရသော အိမ်မြေနှင့် ခြံအပါအဝင် အကျိုးခံစားခွင့်တို့ကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မာထွေးရှိန် [၁၂/ဒဂရ(နိုင်)၀၀၄၀၆၅]ထံမှ ကျွန်ုပ်၏ မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးဇာဇာဝင်း (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၈၇)**
**ဖုန်း- ၀၉-၄၄၈၀၁၀၂၇၅၊ ၀၉-၇၆၁၇၂၈၅၃၂**

### ကန်ထရိုက်တာဦးညီညီ (၁၂/မရက(နိုင်)၀၀၄၀၇၀)နှင့် အများသိစေရန်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၈)လမ်း၊ အမှတ် (၅/က)မြေပေါ်တွင် (၃၃)တိုက် (၂)လုံးဆောက်လုပ်ရန် ဦးညီညီ သည် (၉. ၉. ၂၀၁၃)နေ့တွင် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မြေရှင် ဒေါ်ခင်မိုး (၁၂/မရက(နိုင်) ၀၈၈၄၉၇)နှင့်စာချုပ်ချုပ်ဆိုခဲ့ပါသည်။

သတ်မှတ်ကာလအတွင်းမပြီးစီးဘဲ ဦးညီညီမှ ပျက်ကွက်သဖြင့် မြေရှင် ဒေါ်ခင်မိုးနှင့် (၁. ၁၂. ၂၀၁၅)နေ့တွင် ဒုတိယအကြိမ်ထပ်မံစာချုပ်ချုပ်ဆိုခဲ့ပြီး (၃၁. ၁. ၂၀၁၇)နေ့တွင် အပြီးအစီးဆောက်လုပ်ပါမည်ဟု ဝန်ခံကတိပြုခဲ့ပါသည်။

ဦးညီညီသည် ယခုအချိန်အထိ ဆက်လက်ဆောက်လုပ်ခြင်းမရှိပါသဖြင့်စာချုပ်အပိုဒ် (၂-ဂ)အရ ဆောက်လက်စတိုက်အား မြေရှင်လက်ဝယ်သို့ရောက်ရှိပြီဖြစ်ကြောင်းနှင့် ကြိုပို့ငွေရောင်းချထားသောတိုက်ခန်းနှင့် ပတ်သက်၍ ဦးညီညီ၏တာဝန်သာဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဦးမြတ်ထွန်း (B.Sc, R.L)
တရားလွှတ်တော်ရှေ့နေ (စဉ်- ၃၆၉၀)
အမှတ်-၅၅၊ ၁၄-လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း၊ ၀၉- ၉၇၄၀၀၀၁၉၃၊ ၀၉- ၄၅၄၅၄၅၂၂၁

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အုန်းကြည်
### အသက်(၁၀၁)နှစ်

ပြင်ဦးလွင်မြို့နယ်၊ ပွဲကောက်ကျေးရွာနေ (ဦးထွန်းသာ-ဒေါ်ကြင်)တို့၏သမီး၊ (ဦးအောင်ညွှန့်)၏ ဇနီး၊ ရန်ကုန်မြို့နေ အငြိမ်းစား သံအမတ်ကြီး ဦးလှမြင့်-ဒေါ်ခင်အေးနွယ်၊ နေပြည်တော်နေ ဗိုလ်ချုပ်ကျော်ညွှန့်(အငြိမ်းစား) (ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန) (ညွှန်ကြားရေးမှူး၊ ကကဆက်)-ဒေါ်သီတာစိန်၊ ပြင်ဦးလွင်မြို့နေ ဒေါ်ကြူကြူမာ-ဦးဝေအောင်၊ မိတ္ထီလာမြို့နေ ဦးမြင့်သန်း- ဒေါ်ကြည်ကြည်ခိုင်၊ အောင်ပန်းမြို့နေ ဦးမြင့်ဇော်-ဒေါ်စန်းစန်းမော်၊ ပြင်ဦးလွင်မြို့နေ ဒေါ်မြင့်မြင့်အေး-ဦးခင်မောင်ရီတို့၏ မွေးသမိခင်၊ မြေး ၁၃ ယောက်၊ မြစ် ခုနစ်ယောက်တို့၏ အဘွားသည် ၄-၁၁-၂၀၂၂ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ဘဝတစ်ပါးသို့ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၆-၁၁-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် အမှတ် (၈/၅၁)၊ သိင်္ဂီလမ်း၊ ရပ်ကွက်ကြီး(၁၀)နေအိမ်မှ (၈)မိုင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ကြပါရန်။ [ကွယ်လွန်သူအားရည်စူး၍ ၈-၁၁-၂၀၂၂ (အင်္ဂါနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ် ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်ပူဇော်ပြီး အမျှအတန်း ပေးဝေလိုပါသောကြောင့် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀-က)၊ မြေကွက်အမှတ်(၂၆/က)၊ မြေကွက်တည်နေရာ အမှတ်(၂၆/က)၊ လှော်ကားလမ်း၊ ၂၀-ရပ်ကွက်၊ ဒဂုံတောင်၊ ဦးမျိုးညွှန့် (W/MLY-၂၆၁၉၂၃) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဦးမျိုးညွှန့်(ဖခင်)ဖြစ်သူသည် (၂၆-၇-၂၀၁၄)ရက်တွင်လည်းကောင်း၊ မိခင်ဖြစ်သူ ဒေါ်မြခင် (၂၁-၅-၂၀၂၁)ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြောင်း သမီး(၃)ဦးဖြစ်သော (၁) ဒေါ်ရီရီပြုံး [၁၂/ဥကမ(နိုင်)၀၀၄၁၆၀]၊ (၂) ဒေါ်နီလာပြုံး [၁၂/ဥကတ(နိုင်)၀၀၄၁၅၇]၊ (၃) ဒေါ်ရွှေဝါပြုံး [၁၂/ဥကတ(နိုင်)၀၁၁၂၃၅] တို့ကျန်ရှိခဲ့ရာ ဒေါ်ရီရီပြုံးသည် (၁၉-၇-၂၀၂၁)ရက်တွင် ကွယ်လွန်သွားပါသဖြင့် ခင်ပွန်း ဦးသောင်းလှိုင် [၁၂/ဥကတ(နိုင်)၀၀၉၈၃၄] ကျန်ရှိခဲ့ကြောင်း အမည်ပေါက် ဖခင်ကွယ်လွန်၍ သမီး/သားမက်ဖြစ်သော ဒေါ်နီလာပြုံးပါ (၃)ဦးတို့ ဆက်ခံခွင့်ရှိသူအဖြစ် ကျန်ရှိကြောင်း အခြားဆက်ခံခွင့် ရှိသူ ကိတ္တိမမွေးစားသားသမီးများလည်း မရှိကြောင်း တရားရုံးကျမ်းကျိန်လွှာအမှတ်- ၇/၂၆၃၃/၂၀၂၂ (၂၇-၇-၂၀၂၂)၊ အသိသက် သေနှစ်ဦး၏ ထောက်ခံကျမ်းကျိန်လွှာနှစ်စောင်၊ ဖခင်သေစာရင်း၊ မိခင်နှင့် သမီးဖြစ်သူ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်/ အရောင်းမြေပုံကူး လျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ (၂)ထပ်သွပ်မိုး အုတ်ညှပ်(၁)လုံးရှိပြီး ကိုယ်တိုင်နေထိုင်ပြီး ဒေါ်နီလာပြုံး၊ ဦးသောင်းလှိုင်တို့မှ သိရှိသဘောတူ လက်မှတ်ရေးထိုးပေးပါသဖြင့် ပိုင်ဆိုင်/အရောင်း(မြေပုံကူး) လျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၀)၊ မြေကွက်အမှတ်(၆၄၃/က)၊ အကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ ပါမစ်မြေကွက်သည် ဦးတင်ကိုကို (2/MYG-၀၀၁၄၀၁) အမည်ပေါက်သော မြေကွက်ဖြစ်ပြီး ၎င်းမြေကွက်၏ ခေါင်းရင်းခြမ်း အကျယ်အဝန်း (၁၀ပေx၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၆၄၃/က)၊ အောင်ချမ်းသာ (၂)လမ်း၊ (၇၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ၎င်းအမည်ပေါက်မှ အရပ်ကတိစာချုပ်ဖြင့် ရောင်းချခဲ့သောကြောင့် နောက်ဆုံးဝယ်ယူပိုင်ဆိုင်ခဲ့သည့် ဦးအောင်မိုးဝင်း[၈/ရနခ(နိုင်)၀၂၆၄၀၃]မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်မြတ် [၁၂/ဒဂတ(နိုင်)၀၃၁၁၀၁]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောစာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပိုးအိအိစံ(LL.B) (LL.M) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၅၀)**
**လင်းသန့်-အိမ်ခြံမြေ/ဥပဒေရုံးခန်း**
**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။ ဖုန်း- ၀၉-၂၅၀၆၄၃၈၃၄၊ ၀၉-၇၉၆၃၈၉၇၉၆**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉၄)၊ ယုဇနဥယျာဉ်မြို့တော်၊ (C) BLOCK၊ (၂)လမ်း၊ တိုက်အမှတ်(၃၇)၊ အခန်းအမှတ်(၃၀၄)တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် နောက်ဆုံးဝယ်ယူပိုင်ဆိုင်သည့် ဒေါ်လှလှနု [၉/မထလ(နိုင်)၀၁၃၄၈၈]မှ မိမိသာလျှင် တရားဝင်လက်ဝယ်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဘရွှေ [၁၂/မဂတ(နိုင်)၀၁၁၀၅၆]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောစာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပိုးအိအိစံ(LL.B) (LL.M) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၅၀)**
**လင်းသန့် - အိမ်ခြံမြေ/ဥပဒေရုံးခန်း**
**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၂၅၀၆၄၃၈၃၄၊ ၀၉-၇၉၆၃၈၉၇၉၆**



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်


၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ဟာ ကျွန်တော်တို့နိုင်ငံရဲ့ စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်ပါတယ်။ ဒါ့ကြောင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းစေဖို့အတွက် ဆက်လက် အလေးထားဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ထားရှိခဲ့တာနဲ့အညီ ငြိမ်းချမ်းရေးကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ဖို့ လိုအပ်တဲ့အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ ခေါင်းဆောင်တွေကို ကိုယ်တိုင်ကိုယ်ကျတွေ့ဆုံဆွေးနွေးနိုင်ဖို့ ဖိတ်ခေါ်ကမ်းလှမ်းခဲ့ပြီး တွေ့ဆုံဆွေးနွေးမှုတွေ ဆောင်ရွက်လျက်ရှိပါတယ်။ တွေ့ဆုံဆွေးနွေးမှုတွေမှာ ဒေသနဲ့တိုင်းပြည်အတွက် ကောင်းမွန်တဲ့ရလဒ်ကောင်းတွေရရှိခဲ့တဲ့အတွက် ကျန်ရှိနေသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအနေနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ ပါဝင်လာပါက နိုင်ငံရဲ့အနာဂတ်နိုင်ငံရေးဟာ ပြည့်စုံကောင်းမွန်လာမှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ(၁၈လ)ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်) ၁-၈-၂၀၂၂



သီတင်းကျွတ်နှင့် တန်ဆောင်တိုင်တို့တွင် ခရီးသွားအထူးစည်ကားလေ့ရှိသော ပုပ္ပါးတောင်ကလပ်ကို တွေ့ရစဉ်။

## ခရီးသွားပွင့်လင်းရာသီအစတွင် ဘုရားဖူးခရီးစဉ်၊ တန်ဆောင်တိုင်ပွဲတော်နှင့် အပန်းဖြေခရီးစဉ်တို့အတွက် လက်မှတ်ကြိုတင်ဝယ်ယူမှုများပြား

ရန်ကုန် နိုဝင်ဘာ ၄

၂၀၂၂ ခုနှစ်၏ နိုဝင်ဘာလ ပွင့်လင်းရာသီ ခရီးသွားရာသီသို့ စတင်ဝင်ရောက်လာချိန်တွင် ရန်ကုန်မြို့နှင့် မြို့ကြီးများမှ ခရီးသွားများ ဘုရားဖူးခရီးစဉ်၊ ပြင်ဦးလွင်နှင့် လားရှိုးတန်ဆောင်တိုင်မီးပုံးပျံပွဲတော်နှင့် အပန်းဖြေခရီးစဉ်တို့အတွက် ခရီးသွားများ ကြိုတင်လက်မှတ်ဝယ်ယူမှု များပြားကြောင်း ပြည်တွင်းဘုရားဖူးနှင့် ခရီးသွားဝန်ဆောင်မှုအသင်းမှ သိရသည်။

ခရီးသွားအပန်းဖြေမှုကို နှစ်သက်သော ပြည်တွင်းခရီးသွားများအနေဖြင့် နိုဝင်ဘာလ ပွင့်လင်းရာသီမတိုင်မီက အဘအောင်မင်းခေါင်ပွဲ၊ တောင်ပြုံးပွဲ၊ ပုဂံ၊ ပုပ္ပါး၊ ပင်လယ်ကမ်းခြေအပန်းဖြေမှုနှင့် သီတင်းကျွတ်ပွဲတော်ကာလတို့တွင် ဘုရားစေတီတို့၌ ခရီးသွားများဖြင့် စည်ကားခဲ့ပြီး ယခုလ တန်ဆောင်တိုင်ပွဲတော်ကာလ၌ မီးပုံးပျံပွဲတော်၊ တောင်ပေါ်ဒေသအပန်းဖြေခြင်း၊ ပင်လယ်ကမ်းခြေအပန်းဖြေခြင်းနှင့်

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ✳

## အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၈) ဆက်လက်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၄

၂၀၂၂ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၈) ကို နိုဝင်ဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် သစ္စာအားမာန်၊ မြဝတီနှင့် YREO အသင်းတို့ အနိုင်ရရှိခဲ့သည်။

ပွဲစဉ် (၈) တွင် သစ္စာအားမာန်အသင်းက အား/ကာဦးစီးဌာနအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ မြဝတီအသင်းက Young Lionesses အသင်းကို လေးဂိုး-ဂိုးမရှိ၊ YREO အသင်းက တနင်္သာရီအသင်းကို ရှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ပွဲစဉ် (၈) တွင် ရာသီဝက်ချန်ပီယံ အား/ကာသိပ္ပံအသင်း၏ ပွဲစဉ်မပါဝင်ဘဲ ကျန်အသင်းများသာ ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ ပထမအကျော့အပြီးတွင် ဒုတိယနေရာ ရပ်တည်ခဲ့သည့် သစ္စာအားမာန်အသင်းသည် ဒုတိယအကျော့အဖွင့်ပွဲတွင်လည်း အမှတ်ပြည့်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ပွဲအစ ၁၆ မိနစ်တွင် မြတ်နိုးခင်က သစ္စာအားမာန်အသင်းအတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း ၅၃ မိနစ်တွင် ဝေနှင်းဖြိုးက အား/ကာဦးစီးဌာနအသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ သစ္စာအားမာန်အသင်းအတွက် အနိုင်ဂိုးကိုမူ ၇၆ မိနစ်တွင် မြတ်နိုးခင်ကပင် သွင်းယူခဲ့သည်။

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ○



တနင်္သာရီအသင်းနှင့် YREO အသင်း ယှဉ်ပြိုင်နေစဉ်။

ယနေ့ ဖတ်စရာ

**အာဖရိကဒေသတွင် ရောဂါပိုးမွှားများ ပျံ့နှံ့မှုများပြားလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှုတို့အကြား ဆက်စပ်နေဟု ကျန်းမာရေးပညာရှင်များ ပြောကြား**
စာမျက်နှာ » ၁၃

**အနောက်တိုင်းဆေးရောနှောပြီး မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်ကြောင်း အသိပေးနှိုးဆော်ချက်**
စာမျက်နှာ » ၁၆

**ဓာတ်ခွဲနမူနာစုစုပေါင်း ၉၈၈၈ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၂၅ ဦး တွေ့ရှိ**
စာမျက်နှာ » ၁၂

**“လုပသာယာပြည်မြန်မာ”ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများစာရင်း ထုတ်ပြန်**
စာမျက်နှာ » ၁၇